ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

# ဒုတိယအကြိမ်အစီရင်ခံစာ

## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှနိုဝင်ဘာလထိ)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှနည်းပညာပံ့ပိုးကူညီပါသည်။

၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ

နေပြည်တော်

# ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

# ဒုတိယအကြိမ်အစီရင်ခံစာ

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှနိုဝင်ဘာလထိ)

# Myanmar Annual Labour Force Survey, 2018

# Second Semi-Annual Report

*(September to November 2018)*

# ဥယျောဇဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လုပ်သားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရန် ရည်မှန်းထားရှိသည်နှင့်အညီ လုပ်သားအင်အားဆိုင်ရာ စာရင်းအင်းအချက်အလက်များ စဉ်ဆက်မပြတ်ရရှိစေရန်နှင့် ရာသီချိန်အလိုက် အလုပ်အကိုင်ပြောင်းလဲမှု အခြေအနေကို သိရှိနိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကောက်ယူမှုကို တစ်နှစ်လျှင်နှစ်ကြိမ် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) ကောက်ယူရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ကနည်းပညာပံ့ပိုးကူညီပေးခဲ့ပြီး စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်စေရန် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းဆိုင်ရာ ဦးစီးကော်မတီနှင့် နည်းပညာကော်မတီတို့၏ ဦးဆောင်မှု၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) ကောက်ယူခြင်းကို ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ စာရင်းစဉ် Frame ထဲမှ ပြည်သူ့အင်အားဦးစီးဌာနက စာရင်းအင်းနည်းလမ်းအရ ရွေးချယ်ပေးခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ စာရင်းကောက်ကွက် ၇၈၀ မှ နမူနာအိမ်ထောင်စု ၁၄,၀၄၀ ကို ကွင်းဆင်းကောက်ယူရန် လျာထားခဲ့သော်လည်း ပြည်ထောင်စုနယ်မြေမှ စာရင်းကောက်ကွက် ၁ ကွက်မှာ စုစုပေါင်းအိမ်ထောင်စု ၁၄ အိမ်ထောင်စုသာရှိခြင်း၊ ရှမ်းပြည်နယ်မှ စာရင်းကောက်ကွက် ၁ ကွက်မှာ နယ်မြေလုံခြုံမှု အခြေအနေအရ ကောက်ယူနိုင်ခြင်းမရှိသဖြင့် စုစုပေါင်းစာရင်းကောက်ကွက် ၇၇၉ ကွက်မှ အိမ်ထောင်စုပေါင်း ၁၄,၀၁၈ ကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။

ကွင်းဆင်းစာရင်းကောက်ယူနိုင်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများကို စီစဉ်သူ၊ ကြီးကြပ်ရေးမှူးနှင့် စာရင်းကောက်သူများအဖြစ် အသီးသီးတာဝန်ပေးအပ်ခဲ့ပြီး လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများကို လုပ်သားအင်အားစစ်တမ်းအဖွဲ့အဖြစ် သီးခြားတာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။

အချက်အလက်များ မှန်ကန်မှုရှိစေရန် ကောက်ယူပြုစုပေးပို့လာသော မေးခွန်းလွှာများကို လုပ်သားအင်အားစစ်တမ်းအဖွဲ့မှ စိစစ်ခြင်း၊ စိစစ်ပြီးမေးခွန်းလွှာများကို Program အသုံးပြု၍ ကွန်ပျူတာစာရင်းရေးသွင်းခြင်းကို ဝန်ထမ်း ၂၀ ဦးဖြင့် Double Entry သွင်းခြင်းနှင့် ရေးသွင်းထားသည့် အချက်အလက်များ ကိုက်ညီမှု ရှိ၊ မရှိကို Data Entry Manager ၂ ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး၊ Program ပြင်ဆင်ရေးဆွဲနိုင်ရန် ထိုင်းနိုင်ငံ၊ National Statistical Office, Social Statistics Bureau မှ Mr. Chirawat Poonsab က နည်းပညာကူညီပေးခဲ့ပါသည်။

ယခုစစ်တမ်းကောက်ယူခြင်းမှရရှိသော လုပ်သားအင်အားဆိုင်ရာ စာရင်းအင်းများကို မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics-NSDS) အောက်ရှိ လုပ်ငန်းအဖွဲ့များမှ လိုအပ်သော အလုပ်အကိုင်ဆိုင်ရာ စာရင်းအင်းများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) ၏ လုပ်ငန်းအဖွဲ့များမှ လိုအပ်သော အလုပ်အကိုင်ဆိုင်ရာ စာရင်းအင်းများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) ဆိုင်ရာ အညွှန်းကိန်းများ၊ မြန်မာနိုင်ငံအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေမည့် Decent Work Country Programme (DWCP) အတွက် လိုအပ်သည့် အညွှန်းကိန်းများ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၊ ကမ္ဘာ့ဘဏ် (World Bank)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ System of National Account (SNA) ၊ ပညာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက် ကလေးများအခြေအနေကို လေ့လာစိစစ် အကဲဖြတ်ခြင်း (Out-of-school Children Initiative-OOSCI) ၊ ILO Statistics Database အတွက် လိုအပ်သည့် အချက်အလက်များ၊အာဆီယံနှင့် နိုင်ငံတကာစာရင်းအင်းစာစောင်များ၊ ပြည်တွင်း/ ပြည်ပမှ စာတမ်းပြုစုမည့် ဘွဲ့ယူကျောင်းသား/သူများမှ တောင်းခံလာသည့် အချက်အလက်များကို လိုအပ်သလို ပံ့ပိုးပေးလျက်ရှိပါသည်။

ယခုကဲ့သို့ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင် ကူညီခဲ့ကြသော စစ်တမ်းများနှင့်စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ILO မှ တာဝန်ရှိသူများ၊ လုပ်ငန်းတာဝန်များကို အလေးထားကြိုးပမ်း ဆောင်ရွက်ခဲ့သည့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာနယ်မြေများရှိရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ အထူးသဖြင့်မေးခွန်းများကို စိတ်အားထက်သန်စွာ ဖြေဆိုပေးခဲ့ကြသော အိမ်ထောင်စုဝင်များအားလုံးကို အထူးပင်ကျေးဇူးဥပကာယ တင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## Contents


| Sr. | Description | Page No. |
|---|---|---|
| 1. | Sample Design | 1 |
| 2. | Concept and Definition | 2-5 |
| 3. | Key Figures | 6-7 |
| 4. | Key Findings | 8 |
| 5. | Population and Labour Force | 9-10 |
| 6. | Employment and Job Quality | 11-14 |
| 7. | Wages and Earnings | 15-19 |
| 8. | Labour Underutilization | 20-21 |
| 9. | Working age population outside the labour force | 22-23 |
| 10. | Working Children and Child Labour | 24-25 |


## List of Table


| Table No. | Title | Page No. |
|---|---|---|
| 1. | Working-Age Population and Labour Force by age group, sex, and urban/rural | 9 |
| 2. | Employment by age group, sex, and urban/rural | 11-12 |
| 3. | Monthly wages and earning of wage employees by age group, sex, and urban/rural | 15-16 |
| 4. | Total monthly wages and earnings of all employed persons by age group, sex, and urban/rural | 18 |
| 5. | Labour Underutilization by age, sex, and urban/rural | 20 |
| 6. | Working-Age Population Outside the Labour Force by age group, sex, and urban/rural | 22-23 |
| 7. | Working Children and Child Labour by age group, sex, and urban/rural | 24 |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နမူနာဒီဇိုင်း | ၁ |
| ၂။ | အယူအဆနှင့်အဓိပ္ပာယ်သတ်မှတ်ချက်များ | ၂-၅ |
| ၃။ | အဓိကအချက်အလက်များ | ၆-၇ |
| ၄။ | အဓိကတွေ့ရှိချက်များ | ၈ |
| ၅။ | လူဦးရေနှင့်လုပ်သားအင်အား | ၉-၁၀ |
| ၆။ | အလုပ်အကိုင်နှင့်အလုပ်၏အရည်အသွေး | ၁၁-၁၄ |
| ၇။ | လုပ်ခနှင့်ဝင်ငွေရရှိမှု | ၁၅-၁၉ |
| ၈။ | လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း | ၂၀-၂၁ |
| ၉။ | အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပရောက်ရှိနေသူများ | ၂၂-၂၃ |
| ၁၀။ | အလုပ်လုပ်သောကလေးများနှင့်ကလေးလုပ်သား | ၂၄-၂၅ |


## ဇယားများ


| ဇယား အမှတ်စဉ် | ဇယားခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေနှင့် လုပ်သားအင်အားအခြေအနေ | ၉ |
| ၂။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင်အခြေအနေ | ၁၁-၁၂ |
| ၃။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အခကြေးငွေရ အလုပ်သမားများ ၏ လစဉ်လုပ်ခနှင့်ဝင်ငွေ | ၁၅-၁၆ |
| ၄။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သူအားလုံး၏ စုစုပေါင်း တစ်လလုပ်ခနှင့် ဝင်ငွေ | ၁၈ |
| ၅။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှု အခြေအနေ | ၂၀ |
| ၆။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အား ပြင်ပရောက်ရှိနေသူများအခြေအနေ | ၂၂-၂၃ |
| ၇။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများနှင့် ကလေးလုပ်သားအခြေအနေ | ၂၄ |

**Sample Design**

The sample design is based on a two-stage stratification sampling method. Each rural and urban unit from each Union Territory, Region and State are treated as a basic stratum. As there are 7 Regions, 7 States and one Union Territory in the country, the number of total basic strata is 30 [(1+7+7) X 2].

The Annual Labour Force Survey is collected twice a year in order to gather Labour Market Information in high and low seasons. The first round of the survey (R1) is collected from January to March and the second round (R2) is from September to November. Considering the cost, time, and human resources, the targeted sample size in terms of First Stage Units (FSUs) is determined as 780 enumeration areas (EAs) per each round, while 18 households are selected for each enumeration areas (EAs) and 14,040 households in total are expected to be surveyed.

The second Semi-Annual Labour Force Survey was conducted from September to November 2018. The survey was not fully conducted in and excluded the following EAs from the Union Territory, Regions and States:

| No | Union Territory/ Regions / States | Township, Ward / Village | Remark |
|---|---|---|---|
| 1 | Shan State | Nan Mai township, Nan Pon Village | The survey was not conducted in the whole EA for security reason. |
| 2 | Nay Pyi Taw Union Territory | ZayarThiri, Khit Aye Village | The survey was conducted only in 14 households, because the temporary migrant workers, who previously stayed during the census period, had left the area after their employment terminated. |

Therefore, the second Semi-Annual Labour Force Survey was conducted in 779 EAs with total of 14,018 households. When allocating of FSUs among urban and rural areas, urban areas were given higher weight to rural areas as 1.5 to 1.0 considering the higher heterogeneity among the employment characteristics in urban areas and its relatively low population size. Because the proportion of the urban population in the Yangon region was higher, equal weight was given urban and rural areas at 1:1. Furthermore, with the aim of producing both domain-level and national-level estimates, the proportional allocation was adopted with adjustment for minimum sample size at the national level.

**နမူနာဒီဇိုင်း**

နမူနာဒီဇိုင်းသည် နှစ်ဆင့်အလွှာခွဲနမူနာကောက်နည်း (Two Stage Stratification Sampling Method) ဖြစ်ပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီ၏ ကျေးလက် (သို့) မြို့ပြကို အခြေခံအလွှာ (stratum) အဖြစ် သတ်မှတ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ခု၊ ပြည်ထောင်စုနယ်မြေ (၁) ခု ရှိသည့်အတွက် စုစုပေါင်း အခြေခံအလွှာ (၁+၇+၇)*၂= ၃၀ ရှိပါသည်။

နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို ရာသီချိန်နှင့် ရာသီချိန်ပြင်ပရှိ လုပ်သားဈေးကွက် သတင်းအချက်အလက်ရရှိရန် ရည်ရွယ်ပြီး နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ်ကောက်ယူခြင်းဖြစ်ပါသည်။ စစ်တမ်းပထမအကြိမ်ကို ဇန်နဝါရီလမှ မတ်လထိလည်းကောင်း၊ ဒုတိယအကြိမ်ကို စက်တင်ဘာလမှ နိုဝင်ဘာလထိလည်းကောင်း ကောက်ယူပါသည်။ စစ်တမ်းကောက်ယူရန် ကုန်ကျစရိတ်၊ အချိန်နှင့်လူ့စွမ်းအားကို ထည့်သွင်းစဉ်းစား၍ တစ်ကြိမ်လျှင် စာရင်းကောက်ကွက် ၇၈၀ ကို နမူနာအရွယ်အဖြစ် သတ်မှတ်ထားပြီး စာရင်းကောက်ကွက်တစ်ကွက်လျှင် နမူနာအိမ်ထောင်စု ၁၈ အိမ်ကို ရွေးချယ်၍ စုစုပေါင်းနမူနာအိမ်ထောင်စု ၁၄,၀၄၀ ကို ကောက်ယူရန် သတ်မှတ်ထားပါသည်။

၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလထိ ကောက်ယူခဲ့ပါသည်။ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည့်စုံစွာကောက်ယူနိုင်ခဲ့ခြင်းမရှိသည့် စာရင်းကောက်ကွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | **ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်** | **မြို့နယ်၊ရပ်ကွက်/ ကျေးရွာအုပ်စု** | **မှတ်ချက်** |
|---|---|---|---|
| ၁ | ရှမ်းပြည်နယ် | နမ့်မိုင်မြို့နယ်၊ နန်ပုန်ကျေးရွာအုပ်စု | နယ်မြေလုံခြုံမှုအခြေအနေအရ စာရင်းကောက်ကွက် တစ်ခုလုံးကို ကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။ |
| ၂ | နေပြည်တော် ပြည်ထောင်စုနယ်မြေ | ဇေယျာသီရိမြို့နယ်၊ ခေတ်အေးကျေးရွာ အုပ်စု | အိမ်ထောင်စု ၁၄ စုကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။ အဆိုပါ စာရင်းကောက်ကွက်တွင် လူဦးရေသန်းခေါင်စာရင်း ကောက်ယူစဉ်က ယာယီရွှေ့ပြောင်း အလုပ်သမားများ နေထိုင်ခဲ့ပြီး လုပ်ငန်းပြီးဆုံး၍ ပြောင်းရွှေ့သွားခဲ့ပါသည်။ |

သို့ဖြစ်၍ ၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ဒုတိယအကြိမ် ကောက်ယူရာတွင် ကောက်ကွက် ၇၇၉ ကွက်ရှိ အိမ်ထောင်စု ၁၄,၀၁၈ စုကို ကောက်ယူနိုင်ခဲ့ပါသည်။ မြို့ပြနှင့် ကျေးလက် ဒေသများတွင် FSUs များအား ခွဲဝေသတ်မှတ်ရန် မြို့ပြဒေသများတွင် အလုပ်အကိုင်ဆိုင်ရာ သွင်ပြင်လက္ခဏာများ၏ ကွဲပြားခြားနားမှုမှာ ပိုမိုများပြားပြီး လူဦးရေအရွယ်အစားမှာ ပိုမိုနည်းပါးသည့်အတွက် ကျေးလက်အား ၁.၀ အလေး (weightage) နှင့် မြို့ပြအား ပိုမိုများပြားသည့် အလေး ၁.၅ (weightage) ဖြင့်သတ်မှတ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြလူဦးရေမှာ များပြားနေကြောင်းတွေ့ရှိရသောကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြဒေသနှင့် ကျေးလက်ဒေသ၏ အလေး (weight) ကိုမူ ၁:၁ ဖြင့် တူညီစွာ အလေး ပေးထားပါသည်။ ထို့ပြင် နယ်ပယ်အဆင့် (domain-level) နှင့် နိုင်ငံအဆင့် (national-level) ခန့်မှန်းမှုများ ကို တွက်ချက်နိုင်ရန် နိုင်ငံအဆင့်အတွက် လိုအပ်သော အနည်းဆုံးနမူနာအရေအတွက်ကို တွက်ချက်၍ အချိုးညီစွာခွဲဝေပါသည်။

## Concepts and Definitions

### *Employment*

Persons in *employment* are defined as all those of working age, who during a reference period of seven days, engage in any activity to produce goods or provide services for pay or a kind of profit. This include:

- Employed persons at work, i.e. those who worked for at least one-hour long job;
- Employed persons not at work due to temporary absence from a job or different time arrangements (such as shift work, flexitime and compensatory leave for overtime).

### *Unemployment*

Persons in *unemployment* are defined as all those of working age who do not have a job but are looking for a job during a specified period and are available to start working if they get a job.

### *Labour Force*

Persons who are either in employment or in unemployment as defined above constitute the *labour force*. The sum of persons in employment and unemployment equals to the labour force.

### *Outside Labour Force*

Persons *outside labour force* are those are of working age that neither in employment nor in unemployment in a short reference period.

### *Labour Underutilization*

It refers to mismatch between labour supply and demand, which translates into an unmet need for employment among the population. Measures of *labour underutilization* are as below:

(1) ***Time-Related Partial Underemployment*:** Based on the amended Factory Act 1951, it refers to those who are willing and available to engage in other work, as their existing working hours is less than 44 hours per week.

## အယူအဆနှင့်အဓိပ္ပာယ်သတ်မှတ်ချက်များ

**အလုပ်လက်ရှိ**

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းခြားရှိသူတစ်ဦးသည် ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ (သို့) အမြတ်အစွန်းတစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် မည်သည့်အလုပ်ကို မဆို လုပ်ကိုင်နေသူများကို အလုပ်လက်ရှိဟု သတ်မှတ်ပါသည်။ အလုပ်လက်ရှိတွင် အောက်ပါတို့ ပါဝင်ပါသည်-

- "**လုပ်ငန်းခွင်အတွင်းအလုပ်လက်ရှိ**" ဆိုသည်မှာ အနည်းဆုံး ၁နာရီကြာအလုပ်တွင် အလုပ်လုပ်ခဲ့ခြင်း၊
- "**လုပ်ငန်းခွင်အတွင်းမရှိသောအလုပ်လက်ရှိ**" ဆိုသည်မှာ အလုပ်မှယာယီ ပျက်ကွက်နေသူ (သို့) အလုပ်လုပ်သည့် အချိန်ကို စီစဉ်ထားခြင်း (အဆိုင်းဖြင့်အလုပ်လုပ်ချိန်၊ စုစုပေါင်း အလုပ်ချိန်ကို မထိခိုက်စေဘဲ လွှဲပြောင်းထားသော အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းကြောင့် အစားထိုးရရှိသည့် ခွင့်ကာလခံစားချိန်၊ အလုပ်မှ ပျက်ကွက်နေသူ) ။

**အလုပ်လက်မဲ့**

အလုပ်လက်မဲ့ဟု သတ်မှတ်နိုင်ရန်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသောသူများသည် သတ်မှတ်သည့် အချိန်ကာလအတွင်း အလုပ်ရရှိရန်ရှာဖွေနေပြီး အလုပ်အကိုင်ရရှိပါက စတင်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသူများကို ဆိုလိုပါသည်။

**လုပ်သားအင်အား**

အထက်တွင် အဓိပ္ပာယ်ဖော်ပြထားသော အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များသည် လုပ်သားအင်အားတွင် ပါဝင်ပါသည်။အလုပ်လက်ရှိဦးရေနှင့် အလုပ်လက်မဲ့ဦးရေကို ပေါင်းခြင်းသည် လုပ်သားအင်အားနှင့် ညီမျှပါသည်။

**လုပ်သားအင်အားပြင်ပတွင်ရှိသူ**

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားတွင်ရှိပြီး ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် မပါဝင်သူများကို လုပ်သားအင်အားပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

**လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း**

လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်းဆိုသည်မှာ လုပ်သားဖြည့်ဆည်းမှုနှင့် လုပ်သားလိုအပ်ချက်များအကြား လိုက်ဖက်မညီခြင်း တနည်းအားဖြင့် လူဦးရေအတွက် အလုပ်အကိုင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းကို ဆိုလိုပါသည်။ လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်ခြင်းကို တိုင်းတာရာတွင် အောက်ပါတို့ ပါဝင်ပါသည်-

(၁) **အလုပ်ချိန်ဆိုင်ရာတစ်ဝက်တစ်ပျက်အလုပ်လက်မဲ့**- ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ လူတစ်ယောက်၏ တစ်ပတ်အလုပ်ချိန်သည် ၄၄ နာရီထက် လျော့နည်းနေသည့်အတွက် အခြားအလုပ်တစ်ခုကို လုပ်ကိုင်လိုစိတ်ရှိပြီး အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသူ၊

(2) ***Unemployment***: It refers to an unemployed person who is currently searching for and available for the job;

(3) ***Potential Labour Force***: It refers to an unemployed person who is willing to work, but being in a condition limited to their job search and/or availability.

***Child***

In accordance with the ILO Worst Forms of Child Labour Convention No. 182 (1999) and the United Nations Convention on the Rights of the Child, a *child* is defined as an individual under 18 years of age. For this survey, the target population for measuring child labour include all persons in the age group from 5 to 17 years, where age is measured as the number of completed years at the child's last birthday.

***Child Labour***

In Myanmar, there is no official definition of *child labour,* yet. Therefore, the definition referred in this survey is in accordance with the $18^{th}$ International Conference of Labour Statisticians ($18^{th}$ ICLS) resolution, the Articles from the amended 1951 Factory Act and the 2016 Shops and Establishments Law, where working children of the following types are considered as Child Labour:

(1) Age 5 years and under 18 years engaged in hazardous work for pay or profit for at least one hour per week or working in the night time (6 p.m. to 6 a.m.) for pay or profit;

OR

(2) Age between 5 years and under 14 years and engaged for at least one hour per week for pay or profit;

OR

(3) Age between 14 years and under 16 years and engaged for more than 24 hours per week for pay or profit;

OR

(4) Age between 16 years and under 18 years and engaged in work more than 44 hours a week for pay or profit.

The rest of working children are not regarded as child labour in this report and are labelled as working children other than child labour.

(၂) **အလုပ်လက်မဲ့**- အလုပ်မရှိသူတစ်ဦးသည် လတ်တလောအချိန်အတွင်း အလုပ်ရှာဖွေနေပြီး အဆိုပါအလုပ်ကို လုပ်ကိုင်ရန်အတွက် အဆင်သင့်ရှိနေသူ၊

(၃) **ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား**- အလုပ်အကိုင်မရှိသူတစ်ဦးသည် အလုပ်လုပ်ရန် ဆန္ဒရှိသော်လည်း ၎င်းအနေဖြင့် အလုပ်ရှာဖွေရန် နှင့်/သို့မဟုတ် အဆင်သင့်ဖြစ်မှုအတွက် အခြေအနေ ကန့်သတ်ချက်ရှိနေခြင်းကို ရည်ညွှန်းပါသည်။

**ကလေး**

ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဋ္ဌာန်းချက်အမှတ် ၁၈၂ (၁၉၉၉ ခုနှစ်) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ပြဋ္ဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက်လူတစ်ဦးကို သတ်မှတ်ပါသည်။ ဤစစ်တမ်းတွင် ကလေးလုပ်သားတိုင်းတာရန်အတွက် ရည်မှန်းချက်ဦးရေမှာ အသက်အုပ်စု အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများအားလုံးပါဝင်ပြီး အသက်ကိုတိုင်းတာရာတွင် ကလေး၏ လွန်ခဲ့သောမွေးနေ့က ပြည့်ပြီးအသက်နှစ်ဖြင့် တိုင်းတာပါသည်။

**ကလေးလုပ်သား**

မြန်မာနိုင်ငံတွင် ကလေးလုပ်သား၏ တရားဝင်အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါ။ ထို့ကြောင့် စစ်တမ်းတွင် အသုံးပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ၁၈ ကြိမ်မြောက် လုပ်သားဆိုင်ရာ စာရင်းအင်းပညာရှင်များညီလာခံမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေအရ အောက်တွင် ဖော်ပြထားသော ပုံစံများတွင် အလုပ်လုပ်သောကလေးများကို ကလေးလုပ်သားအဖြစ် သတ်မှတ်ပါသည် -

(၁) အသက် ၅ နှစ်မှ ၁၈ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် အန္တရာယ်ရှိသော အလုပ်များတွင် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီလုပ်ကိုင်ခြင်း သို့မဟုတ် ညအချိန်များ (ည ၆ နာရီမှ နံနက် ၆ နာရီ) အတွင်း အလုပ်လုပ်ခြင်း၊
(သို့မဟုတ်)

(၂) အသက် ၅ နှစ်မှ ၁၄ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီ လုပ်ကိုင်ခြင်း၊
(သို့မဟုတ်)

(၃) အသက် ၁၄ နှစ်မှ ၁၆ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၂၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း၊
(သို့မဟုတ်)

(၄) အသက် ၁၆ နှစ်မှ ၁၈ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၄၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း၊

ကျန်ရှိသည့် အလုပ်လုပ်သောကလေးများကို ဤအစီရင်ခံစာတွင် ကလေးလုပ်သားအဖြစ် မသတ်မှတ်ဘဲ “ကလေးလုပ်သားမဟုတ်သည့် အလုပ်လုပ်နေသောကလေးများ” ဟူ၍ အမည်တပ်ပါသည်။

***Youth***

*Youth* means when one is young or in the age range before adulthood. The United Nations (UN), for statistical purposes, defines 'youth', as the individuals between 15-24 years. This UN definition is used in this survey.

***Informal Sector***

The *informal sector* consists of unregistered private enterprises engaged in the production of goods or services for sale or barter. Those enterprises typically operate as a small scale, without keeping a complete record on labour and cost as a production input.

***Informal employment***

The conceptual framework of *informal employment* adopted by the $17^{th}$ International Conference of Labour Statisticians (ICLS) is used. An employee working as a domestic worker in either a formal or informal sector enterprise or in a household are considered to be in informal employment if their employment relation is, not subjected to national labour law or procedures, income tax, social protection or entitlement to certain employment benefits (for example, compensation for termination of employment, gratuity or earned leave, or sick leave).

**Job**

A job is defined as a set of tasks and duties which are carried out by or can be assigned to, one person for a single economic unit. Persons may have one or more jobs in a short reference period.

**လူငယ်**

ငယ်ရွယ်သည့် (သို့မဟုတ်) လူလားမြောက်သော အရွယ်သို့ မရောက်ရှိမီ အသက်အပိုင်းအခြားကို လူငယ်ဟု သတ်မှတ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် စာရင်းအင်းဆိုင်ရာ ရည်ရွယ်ချက်အလို့ငှာ အသက် ၁၅-၂၄ နှစ် အသက်အပိုင်းအခြားကို လူငယ်အဖြစ် သတ်မှတ်ထားပါသည်။ ယခုစစ်တမ်းတွင် ဤအဓိပ္ပါယ် သတ်မှတ်ချက်ကို အသုံးပြုထားပါသည်။

**သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ**

သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လဲလှယ် ရောင်းချရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ဆောင်ရွက်နေသော ကိုယ်ပိုင်ပုဂ္ဂလိက လုပ်ငန်းငယ်များ ပါဝင်ပါသည်။ ပုံမှန်အားဖြင့် အဆိုပါလုပ်ငန်းများသည် အဖွဲ့အစည်းငယ် များအဖြစ် ရပ်တည်နေပြီး ထုတ်လုပ်မှုစွမ်းအားစုဖြစ်သည့် လုပ်သားနှင့်ရင်းနှီးမှု ကုန်ကျစရိတ်များကို ပြည့်စုံစွာ စာရင်းဇယား ပြုစုထားခြင်းမရှိကြပါ။

**သမားရိုးကျမဟုတ်သော အလုပ်အကိုင်**

၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းပညာရှင်များ ညီလာခံမှ ချမှတ်ထားသော သမားရိုးကျ မဟုတ်သော အလုပ်အကိုင်နှင့် ပတ်သက်သည့် အယူအဆများကို အသုံးပြုထားပါသည်။ သမားရိုးကျ သို့မဟုတ် သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ သို့မဟုတ် ပုဂ္ဂလိကအိမ်ထောင်စုတွင် အိမ်တွင်းအလုပ်သမားအဖြစ် လုပ်ကိုင်နေသူတစ်ဦးသည် ၎င်း၏ အလုပ်အကိုင်ဆက်နွယ်မှုမှာ ပြည်တွင်း အလုပ်သမားရေးရာ ဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၊ ဝင်ငွေခွန်၊ လူမှုအကာအကွယ်ပေးမှုနှင့် အချို့သော အလုပ်အကိုင်အကျိုးခံစားခွင့် (ဥပမာအနေဖြင့်- အလုပ်ထုတ်နစ်နာကြေး၊ လုပ်သက်ဆု သို့မဟုတ် လုပ်သက်ခွင့် သို့မဟုတ် နာမကျန်းခွင့်ကဲ့သို့သော) များနှင့် ကိုက်ညီမှုမရှိပါက သမားရိုးကျမဟုတ်သော အလုပ်လုပ်ကိုင်နေသူအဖြစ် သတ်မှတ်ပါသည်။

**အလုပ်**

အလုပ်ဆိုသည်မှာ စီးပွားရေးလုပ်ငန်း ယူနစ်တစ်ခုအတွက် လူတစ်ယောက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ဆိုလိုခြင်းဖြစ်ပါသည်။ လူတစ်ယောက်တွင် ရည်ညွှန်းကာလတိုအတွင်း လုပ်ငန်း တစ်ခု (သို့) တစ်ခုထက်ပို၍ ရှိနိုင်ပါသည်။

### *Occupation*

It refers to the kind of work done by a person in a specific job, irrespective of being a self-employed or paid employee. The International Standard Classification of Occupations (ISCO) groups similar kind of occupations together in a hierarchical order. The most recent version was adopted in 2008 and is known as ISCO-08 and the ISCO-08 was used in the Labour Force Survey.

### *Industry*

It refers to the type of economic activity carried out by an establishment, business or organization where a person holds a job, including sole proprietorship. The type of economic activity is determined in accordance with other units or the main goods produced, and services provided for people. The latest amendment of the International Standard Industrial Classification (ISIC Rev-4), which is known as a standard on international industrial classification was used in this survey. An industry may produce or provide several goods and services which do not belong to the same activity code as per ISIC. In such cases, the activity which produces the maximum value of output has been considered for industrial classification.

**အလုပ်အကိုင်အမျိုးအစား**

လူတစ်ဦးသည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်စေ၊ လုပ်ခလစာဖြင့် လုပ်ကိုင်နေသူဖြစ်စေ အတိအကျ သတ်မှတ်ထားသော အလုပ်တစ်ခုတွင် လုပ်ကိုင်နေရသော အလုပ်အမျိုးအစားကို ရည်ညွှန်းပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အမျိုးအစား ခွဲခြားခြင်း စံချိန်စံညွှန်းကို တူညီသော အလုပ်အကိုင်များအလိုက် ကြီးစဉ်ငယ်လိုက်အုပ်စုဖြင့် စုစည်းထားပါသည်။ မကြာသေးမီအချိန်က နောက်ဆုံး ပြောင်းလဲမှုကို ၂၀၀၈ ခုနှစ်က ချမှတ်ခဲ့ရာ ISCO-08 အဖြစ် ခေါ်ဆိုပြီး လုပ်သားအင်အားစစ်တမ်းတွင် အဆိုပါ ISCO-08 ကို အသုံးပြုထားပါသည်။

**လုပ်ငန်းအမျိုးအစား**

လူတစ်ဦးအလုပ်လုပ်သည့် ကိုယ်ပိုင်လုပ်ငန်းအပါအဝင် အလုပ်ဌာန၊ စီးပွားရေးလုပ်ငန်း (သို့မဟုတ်) အဖွဲ့အစည်းမှ ဆောင်ရွက်နေသော စီးပွားရေးလုပ်ဆောင်မှုပုံစံကို ရည်ညွှန်းပါသည်။ စီးပွားရေးလုပ်ဆောင်မှုပုံစံကို အခြားယူနစ်များ (သို့) လူများအတွက် အဓိကကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများပံ့ပိုးဆောင်ရွက်ပေးခြင်းအရ သတ်မှတ်ပါသည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း အမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်းအဖြစ် လူသိများပြီး နောက်ဆုံးပြင်ဆင်ချက်ဖြစ်သော အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းအမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်း (ပြင်ဆင်ချက်-၄) ကို ယခုစစ်တမ်းတွင် အသုံးပြုထားပါသည်။ လုပ်ငန်းတစ်ခုသည် ISIC ၏ code လုပ်ဆောင်ချက် တစ်ခုထဲမှမဟုတ်ဘဲ ကုန်စည်ဆောင်ရွက်မှုများကို ထုတ်လုပ်ခြင်း (သို့) ပေးအပ်ခြင်း ပြုလုပ်နိုင်ပါသည်။ ဤသို့သော အခြေအနေတွင် အများဆုံးတန်ဖိုး ထုတ်လုပ်သည့် လုပ်ဆောင်ချက်ကိုသာ လုပ်ငန်း/ လုပ်ငန်းအမျိုးအစားခွဲခြားရန် ယူဆသတ်မှတ်ရမည် ဖြစ်သည်။

**Key figures**

| | 2017 Annual | 2018 R1 | 2018 R2 |
|---|---|---|---|
| **Working-Age Population (million) (15+)** | **36.39** | **36.56** | **36.90** |
| Male | 16.62 | 16.69 | 16.83 |
| Female | 19.77 | 19.87 | 20.07 |
| **Labour Force (million)** | **22.28** | **22.68** | **22.55** |
| Male | 12.84 | 12.82 | 13.02 |
| Female | 9.44 | 9.86 | 9.53 |
| **Employment (million)** | **21.94** | **22.45** | **22.40** |
| Male | 12.69 | 12.71 | 12.95 |
| Female | 9.25 | 9.74 | 9.45 |
| **Labour Force Participation Rate (%)** | **61.2** | **62.0** | **61.1** |
| Male | 77.3 | 76.8 | 77.4 |
| Female | 47.7 | 49.6 | 47.5 |
| **Employment-to-Population Ratio (%)** | **60.3** | **61.4** | **60.7** |
| Male | 76.4 | 76.2 | 76.9 |
| Female | 46.7 | 49.0 | 47.1 |
| **Unemployment Rate (%)** | **1.6** | **1.0** | **0.7** |
| Male | 1.2 | 0.9 | 0.6 |
| Female | 2.0 | 1.2 | 0.8 |
| **Composite rate of Labour Underutilization (%)** | **7.2** | **6.9** | **5.0** |
| Male | 6.7 | 6.6 | 4.5 |
| Female | 8.0 | 7.4 | 5.7 |
| **Youth Unemployment Rate, aged 15-24 (%)** | **4.0** | **1.9** | **2.0** |
| Male | 3.3 | 1.7 | 1.9 |
| Female | 4.8 | 2.1 | 2.2 |
| **Share of wage Workers in Total Employment (%)** | **36.8** | **37.1** | **31.9** |
| Male | 36.6 | 36.4 | 31.6 |
| Female | 37.0 | 35.3 | 32.2 |
| **Share of Informal Employment in total Employment (%)** | **82.4** | **83.8** | **81.7** |
| Male | 76.8 | 78.3 | 75.7 |
| Female | 90.2 | 91.1 | 90.0 |

**အဓိကအချက်အလက်များ**

| | ၂၀၁၇ နှစ်စဉ် | ၂၀၁၈ (ပကြိမ်) | ၂၀၁၈ (ဒုကြိမ်) |
|---|---|---|---|
| **အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းခြားရှိ လူဦးရေ (သန်းပေါင်း)** | **၃၆.၃၉** | **၃၆.၅၆** | **၃၆.၉၀** |
| ကျား | ၁၆.၆၂ | ၁၆.၆၉ | ၁၆.၈၃ |
| မ | ၁၉.၇၇ | ၁၉.၈၇ | ၂၀.၀၇ |
| **လုပ်သားအင်အား (သန်းပေါင်း)** | **၂၂.၂၈** | **၂၂.၆၈** | **၂၂.၅၅** |
| ကျား | ၁၂.၈၄ | ၁၂.၈၂ | ၁၃.၀၂ |
| မ | ၉.၄၄ | ၉.၈၆ | ၉.၅၃ |
| **အလုပ်လက်ရှိဦးရေ (သန်းပေါင်း)** | **၂၁.၉၄** | **၂၂.၄၅** | **၂၂.၄၀** |
| ကျား | ၁၂.၆၉ | ၁၂.၇၁ | ၁၂.၉၅ |
| မ | ၉.၂၅ | ၉.၇၄ | ၉.၄၅ |
| **လုပ်သားအင်အားပါဝင်မှုနှုန်း (%)** | **၆၁.၂** | **၆၂.၀** | **၆၁.၁** |
| ကျား | ၇၇.၃ | ၇၆.၈ | ၇၇.၄ |
| မ | ၄၇.၇ | ၄၉.၆ | ၄၇.၅ |
| **လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး (%)** | **၆၀.၃** | **၆၁.၄** | **၆၀.၇** |
| ကျား | ၇၆.၄ | ၇၆.၂ | ၇၆.၉ |
| မ | ၄၆.၇ | ၄၉.၀ | ၄၇.၁ |
| **အလုပ်လက်မဲ့နှုန်း (%)** | **၁.၆** | **၁.၀** | **၀.၇** |
| ကျား | ၁.၂ | ၀.၉ | ၀.၆ |
| မ | ၂.၀ | ၁.၂ | ၀.၈ |
| **စုစုပေါင်းလုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်း(%)** | **၇.၂** | **၆.၉** | **၅.၀** |
| ကျား | ၆.၇ | ၆.၆ | ၄.၅ |
| မ | ၈.၀ | ၇.၄ | ၅.၇ |
| **အသက် ၁၅-၂၄ နှစ် လူငယ်များ၏ အလုပ်လက်မဲ့နှုန်း(%)** | **၄.၀** | **၁.၉** | **၂.၀** |
| ကျား | ၃.၃ | ၁.၇ | ၁.၉ |
| မ | ၄.၈ | ၂.၁ | ၂.၂ |
| **စုစုပေါင်းအလုပ်လုပ်သူဦးရေတွင်အလုပ်သမားပါဝင်မှုနှုန်း(%)** | **၃၆.၈** | **၃၇.၁** | **၃၁.၉** |
| ကျား | ၃၆.၆ | ၃၆.၄ | ၃၁.၆ |
| မ | ၃၇.၀ | ၃၅.၃ | ၃၂.၂ |
| **စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် သမားရိုးကျမဟုတ်သော အလုပ်လုပ်ကိုင်နေသူ ပါဝင်မှုရာခိုင်နှုန်း (%)** | **၈၂.၄** | **၈၃.၈** | **၈၁.၇** |
| ကျား | ၇၆.၈ | ၇၈.၃ | ၇၅.၇ |
| မ | ၉၀.၂ | ၉၁.၁ | ၉၀.၀ |

| | 2017 Annual | 2018 R1 | 2018 R2 |
|---|---|---|---|
| **Average monthly wages ('000 kyats)** | **171.6** | **158.9** | **175.7** |
| Male | 180.0 | 173.9 | 189.7 |
| Female | 160.2 | 137.4 | 156.9 |
| **Total children population aged 5-17 years (million)** | **12.41** | **12.40** | **12.38** |
| Male | 6.16 | 6.15 | 6.14 |
| Female | 6.25 | 6.25 | 6.24 |
| **Working children in total population of children (%)** | **5.2** | **4.9** | **3.6** |
| Male | 5.8 | 5.4 | 4.6 |
| Female | 4.5 | 4.4 | 2.6 |
| **Child Labour in total population of children (%)** | **3.4** | **3.4** | **2.8** |
| Male | 4.0 | 3.9 | 3.6 |
| Female | 2.9 | 2.9 | 2.0 |

| | ၂၀၁၇ နှစ်စဉ် | ၂၀၁၈ (ပကြိမ်) | ၂၀၁၈ (ဒုကြိမ်) |
|---|---|---|---|
| **ပျမ်းမျှ တစ်လလုပ်ခ ('၀၀၀ ကျပ်)** | **၁၇၁.၆** | **၁၅၈.၉** | **၁၇၅.၇** |
| ကျား | ၁၈၀.၀ | ၁၇၃.၉ | ၁၈၉.၇ |
| မ | ၁၆၀.၂ | ၁၃၇.၄ | ၁၅၆.၉ |
| **အသက် ၅-၁၇ နှစ် ကလေးဦးရေစုစုပေါင်း(သန်းပေါင်း)** | **၁၂.၄၁** | **၁၂.၄၀** | **၁၂.၃၈** |
| ကျား | ၆.၁၆ | ၆.၁၅ | ၆.၁၄ |
| မ | ၆.၂၅ | ၆.၂၅ | ၆.၂၄ |
| **ကလေးဦးရေစုစုပေါင်းတွင် အလုပ်လုပ်သောကလေး ပါဝင်မှုရာခိုင်နှုန်း (%)** | **၅.၂** | **၄.၉** | **၃.၆** |
| ကျား | ၅.၈ | ၅.၄ | ၄.၆ |
| မ | ၄.၅ | ၄.၄ | ၂.၆ |
| **ကလေးဦးရေစုစုပေါင်းတွင် ကလေးလုပ်သား ပါဝင်မှုရာခိုင်နှုန်း(%)** | **၃.၄** | **၃.၄** | **၂.၈** |
| ကျား | ၄.၀ | ၃.၉ | ၃.၆ |
| မ | ၂.၉ | ၂.၉ | ၂.၀ |

**Key findings**

- According to the second Semi-Annual Labour Force Survey-2018, the Working-Age Population (aged 15+) was 36.90 million and in which women constituted 20.07 million more than that 16.83 million for men.
- The Labour Force Participation Rate was 61.1 percent, however, the rate for men was considerably higher than that for women by 29.9 percentage points.
- The total Labour Force was 22.55 million, with women accounting for only 42.3 percent, and the vast majority of employment 72.1 percent was based in rural areas.
- Only 31.9 percent of all workers were wage employees and a vast majority 63.5 percent were either own-account or contributing family workers.
- Employment was heavily concentrated in the agricultural sector with 49.4 percent, followed by wholesale and retail trade 16.4 percent, manufacturing 11.7 percent and transportation and storage 5.2 percent while construction accounted for 4.2 percent of total employment.
- Union level Unemployment rate was 0.7 percent, with a male-to-female gap of only 0.2 percentage points, which was not obviously different between female and male.
- Union level composite rate of Labour Underutilization was 5.0 percent, where males accounted for 4.5 percent and females for 5.7 percent.
- The Youth Unemployment rate aged (15-24) was 2.0 percent.
- The average monthly wages were 175.7 kyats in thousand and the wages for men was higher than that for women.
- The total population of children (aged 5-17) accounted for 12.38 million. Among them, 0.45 million were working children, and 0.34 million were found in Child Labour, i.e. 2.8 percent for all, 3.6 percent for male and 2.0 percent for female.

**အဓိကတွေ့ရှိချက်များ**

- ၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) အရ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူ ၃၆.၉၀ သန်းတွင် အမျိုးသမီးဦးရေ ၂၀.၀၇ သန်း သည် အမျိုးသားဦးရေ ၁၆.၈၃ သန်းထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။
- ပြည်ထောင်စုအဆင့် လုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်းသည် ၆၁.၁% ဖြစ်ပြီး အမျိုးသားများ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများထက် ၂၉.၉% မြင့်မားသည်ကို တွေ့ရပါသည်။
- စုစုပေါင်း လုပ်သားအင်အား၂၂.၅၅ သန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ၄၂.၃% သာ ပါဝင်နေပြီး အလုပ်လုပ်ကိုင်သူအများစု ၇၂.၁% သည် ကျေးလက်ဒေသများမှဖြစ်သည်ကို တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နေသူများတွင် ၃၁.၉% သာ လုပ်ခရ အလုပ်သမားများဖြစ်ပြီး၊ အများစု ၆၃.၅% သည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူနှင့် အခကြေးငွေမရသည့် မိသားစုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများ ဖြစ်ကြပါသည်။
- အလုပ်လုပ်ကိုင်နေသူ အများစုသည် လယ်ယာကဏ္ဍတွင် ၄၉.၄% ပါဝင်နေပြီး လက်လီနှင့်လက်ကား ရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍတွင် ၁၆.၄%၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် ၁၁.၇%၊ သယ်ယူ ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းကဏ္ဍတွင် ၅.၂%၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ၄.၂% လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။
- ပြည်ထောင်စုအဆင့် အလုပ်လက်မဲ့နှုန်း ၀.၇% ဖြစ်ပြီးအမျိုးသားနှင့် အမျိုးသမီးအကြား ခြားနားမှုမှာ ၀.၂% သာရှိရာ သိသာစွာကွဲပြားခြားနားမှုမရှိကြောင်း တွေ့ရပါသည်။
- စုစုပေါင်း လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်းသည် ၅.၀% ဖြစ်ပြီး အမျိုးသား ၄.၅% နှင့် အမျိုးသမီး ၅.၇% ရှိကြောင်း တွေ့ရပါသည်။
- လူငယ်များ (အသက်၁၅နှစ်မှ၂၄နှစ်) ၏ အလုပ်လက်မဲ့နှုန်းသည် ၂.၀% ရှိကြောင်း တွေ့ရှိရပါသည်။
- ပျမ်းမျှတစ်လလုပ်ခ ကျပ်ထောင်ပေါင်း ၁၇၅.၇ ဖြစ်ပြီး အမျိုးသမီးများထက် အမျိုးသားများက လုပ်ခပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။
- စုစုပေါင်းကလေး (အသက် ၅ နှစ်မှ ၁၇ နှစ်) ဦးရေ ၁၂.၃၈ သန်းတွင် ကလေး ၀.၄၅ သန်းသည် အလုပ်လုပ်ကိုင်နေကြပြီး ၀.၃၄ သန်းသည် ကလေးလုပ်သားများအဖြစ် တွေ့ရှိရပါသည်။ သို့ဖြစ်၍ ကလေးစုစုပေါင်း၏ ၂.၈% သည် ကလေးလုပ်သားများအဖြစ် လုပ်ကိုင်နေကြပြီး ယောကျ်ားလေး ၃.၆% နှင့် မိန်းကလေး ၂.၀% ဖြစ်ကြောင်း တွေ့ရပါသည်။

## 1. Population and Labour Force

**Table1. Working-Age Population and Labour Force by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Working-Age Population (million)** | **16.83** | **20.07** | **11.09** | **25.81** | **36.90** |
| ***By age*** | | | | | |
| 15-24 | 4.20 | 4.54 | 2.49 | 6.25 | 8.74 |
| 25-34 | 3.57 | 4.21 | 2.43 | 5.35 | 7.78 |
| 35-44 | 3.26 | 3.77 | 1.99 | 5.04 | 7.03 |
| 45-54 | 2.67 | 3.22 | 1.74 | 4.15 | 5.89 |
| 55-64 | 1.84 | 2.36 | 1.37 | 2.84 | 4.21 |
| 65+ | 1.29 | 1.95 | 1.07 | 2.17 | 3.24 |
| **Labour Force (million)** | **13.02** | **9.53** | **6.29** | **16.26** | **22.55** |
| ***By age*** | | | | | |
| 15-24 | 2.32 | 1.85 | 1.05 | 3.11 | 4.17 |
| 25+ | 10.70 | 7.68 | 5.23 | 13.15 | 18.38 |
| ***By education (% distribution)*** | | | | | |
| Less than primary | 19.0 | 18.7 | 9.6 | 22.5 | 18.9 |
| Completed primary | 65.2 | 60.5 | 54.2 | 66.7 | 63.2 |
| Completed secondary | 8.4 | 7.3 | 14.1 | 5.6 | 7.9 |
| Tertiary (first stage or completed) | 7.4 | 13.4 | 22.2 | 5.2 | 9.9 |
| **Labour Force Participation Rate (%)** | **77.4** | **47.5** | **56.7** | **63.0** | **61.1** |
| ***By age*** | | | | | |
| 15-24 | 55.3 | 40.6 | 42.3 | 49.8 | 47.7 |
| 25+ | 84.7 | 49.5 | 60.9 | 67.2 | 65.3 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual 2018*

According to the second Semi-Annual Labour Force Survey-2018, the Working-Age Population (aged 15+) was 36.90 million and among them, female constituted 54.4 percent while male accounted for 45.6 percent. In terms of the spatial distribution of the working-age population, 69.9 percent were found in rural areas while 30.1 percent were located in urban areas. The percentage of younger age groups was relatively high among the distribution of the working-age population by 10-year age intervals.

## ၁။ လူဦးရေနှင့် လုပ်သားအင်အား

**ဇယား-၁။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေနှင့် လုပ်သားအင်အားအခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ (သန်းပေါင်း)** | **၁၆.၈၃** | **၂၀.၀၇** | **၁၁.၀၉** | **၂၅.၈၁** | **၃၆.၉၀** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၄.၂၀ | ၄.၅၄ | ၂.၄၉ | ၆.၂၅ | ၈.၇၄ |
| ၂၅-၃၄ | ၃.၅၇ | ၄.၂၁ | ၂.၄၃ | ၅.၃၅ | ၇.၇၈ |
| ၃၅-၄၄ | ၃.၂၆ | ၃.၇၇ | ၁.၉၉ | ၅.၀၄ | ၇.၀၃ |
| ၄၅-၅၄ | ၂.၆၇ | ၃.၂၂ | ၁.၇၄ | ၄.၁၅ | ၅.၈၉ |
| ၅၅-၆၄ | ၁.၈၄ | ၂.၃၆ | ၁.၃၇ | ၂.၈၄ | ၄.၂၁ |
| ၆၅+ | ၁.၂၉ | ၁.၉၅ | ၁.၀၇ | ၂.၁၇ | ၃.၂၄ |
| **လုပ်သားအင်အား(သန်းပေါင်း)** | **၁၃.၀၂** | **၉.၅၃** | **၆.၂၉** | **၁၆.၂၆** | **၂၂.၅၅** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၂.၃၂ | ၁.၈၅ | ၁.၀၅ | ၃.၁၁ | ၄.၁၇ |
| ၂၅+ | ၁၀.၇၀ | ၇.၆၈ | ၅.၂၃ | ၁၃.၁၅ | ၁၈.၃၈ |
| ***ပညာအရည်အချင်းအလိုက် (ပျံ့နှံ့မှုရာခိုင်နှုန်း)*** | | | | | |
| မူလတန်းအောက် | ၁၉.၀ | ၁၈.၇ | ၉.၆ | ၂၂.၅ | ၁၈.၉ |
| မူလတန်းပြီးမြောက် | ၆၅.၂ | ၆၀.၅ | ၅၄.၂ | ၆၆.၇ | ၆၃.၂ |
| အလယ်တန်းပြီးမြောက် | ၈.၄ | ၇.၃ | ၁၄.၁ | ၅.၆ | ၇.၉ |
| အထက်တန်းအဆင့် (ပထမအဆင့် (သို့) ပြီးမြောက်သည့်အဆင့်) | ၇.၄ | ၁၃.၄ | ၂၂.၂ | ၅.၂ | ၉.၉ |
| **လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း** | **၇၇.၄** | **၄၇.၅** | **၅၆.၇** | **၆၃.၀** | **၆၁.၁** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၅၅.၃ | ၄၀.၆ | ၄၂.၃ | ၄၉.၈ | ၄၇.၇ |
| ၂၅+ | ၈၄.၇ | ၄၉.၅ | ၆၀.၉ | ၆၇.၂ | ၆၅.၃ |

*ဓာတ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) အရ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေသည် ၃၆.၉၀ သန်းရှိပြီး၊ အမျိုးသမီးပါဝင်မှုသည် ၅၄.၄% နှင့် အမျိုးသား ပါဝင်မှု ၄၅.၆% ဖြစ်သည်ကို တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက်နှိုင်းယှဉ်ကြည့်ပါက အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ၏ ၆၉.၉% သည် ကျေးလက်ဒေသတွင်ရှိပြီး မြို့ပြဒေသတွင် ၃၀.၁% သာရှိ သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေပျံ့နှံ့မှုကို ၁၀ နှစ်ခြား အသက်အုပ်စုအလိုက် ကြည့်မည်ဆိုပါက ငယ်ရွယ်သော အသက်အုပ်စုများတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ ပိုမိုမြင့်မားစွာ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

The total labour force was 22.55 million where 18.5 percent was constituted by youths and 81.5 percent by adults. The youth participation (4.17 million) in the labour force was lower than adult (18.38 million). However, the difference between female participation rates for both youth and adult were the smallest where youth female accounted for 40.6 percent and adult female 49.5 percent. In contrast, male labour force participation for youth and adult was significantly difference, where youth male accounted for 55.3 percent and adult male 84.7 percent.

Among the working population, 61.1 percent of them were in the Labour Force and the remaining 38.9 percent was out of the Labour Force. The labour force participation rate was at 77.4 percent for males and 47.5 percent for females. The labour force participation for both male and female was higher in rural areas than urban areas. But the rate of male labour force participation was higher than female in both rural and urban regions. Moreover, the labour force participation rate was higher in rural areas than urban areas where rural areas accounted for 63 percent and urban areas 56.7 percent, among the working-age population.

The Labour Force Participation in urban and rural areas was somewhat close to the composition of Working Age Population in urban and rural areas. In contrast, the Working Age Population of female was 20.07 million which was higher than the male population, however male labour force totalled 13.02 million, considerably higher than that for female.

In term of the distribution of labour force in rural and urban areas by educational attainment, the highest was completed primary which accounted for 63.2 percent followed by less than primary 18.9%, completed secondary 7.9%, and tertiary 9.9% respectively. Although there was similarity among male and female in term of educational distribution, females appear to have higher tertiary level rates (first stage or completed) than male. With regards to attaining the higher level of education, the proportion was favourable in urban compared to rural.

လုပ်သားအင်အား ၂၂.၅၅ သန်းရှိပြီး လူငယ်ပါဝင်မှုရာခိုင်နှုန်းမှာ ၁၈.၅% နှင့် အရွယ်ရောက်ပြီးသူ လူဦးရေ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၈၁.၅% ရှိသည်ကို တွေ့ရှိရပါသည်။ လူငယ်များ၏ လုပ်သားအင်အားပါဝင်မှု (၄.၁၇ သန်း) သည် အရွယ်ရောက်ပြီးသူများ၏ လုပ်သားအင်အားပါဝင်မှု (၁၈.၃၈ သန်း) ထက် ပိုမိုနည်းပါးသော်လည်း လူငယ်အမျိုးသမီးများနှင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၄၀.၆% နှင့် ၄၉.၅% ဖြင့် အနည်းငယ်သာ ကွာခြားသည်ကို တွေ့ရှိရပါသည်။ လူငယ်အမျိုးသားနှင့်အ ရွယ်ရောက်ပြီးသူ အမျိုးသားများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၅၅.၃% နှင့် ၈၄.၇% ဖြစ်၍ သိသာစွာကွာခြားမှု ရှိကြောင်းတွေ့ရှိရပါသည်။

နိုင်ငံ၏ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေတွင် လုပ်သားအင်အားသည် ၆၁.၁% ဖြစ်ပြီး ၃၈.၉% သည် လုပ်သားအင်အားပြင်ပတွင်ရှိနေကြောင်း တွေ့ရပါသည်။ အမျိုးသားများ၏ လုပ်သား အင်အား ပါဝင်မှုရာခိုင်နှုန်းမှာ ၇၇.၄% နှင့် အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၄၇.၅% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် မြို့ပြဒေသထက် ကျေးလက်ဒေသတွင် ပိုမိုမြင့်မားပြီး၊ အမျိုးသမီးများထက် အမျိုးသားများ၏ ပါဝင်မှုရာခိုင်နှုန်းသည် မြို့ပြနှင့် ကျေးလက် နှစ်ခုလုံးတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် အလုပ်လုပ်ကိုင်နိုင်သော အသက် အပိုင်းအခြားရှိ လူဦးရေတွင် လုပ်သားအင်အားပါဝင်မှုနှုန်းသည် မြို့ပြဒေသ (၅၆.၇%) ထက် ကျေးလက်ဒေသ (၆၃%) တွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက် လုပ်သားအင်အားပါဝင်မှုသည် မြို့ပြနှင့် ကျေးလက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပါဝင်မှုပုံစံနှင့် နီးစပ်သည်ကို တွေ့ရပါသည်။ သို့ရာတွင် ဆန့်ကျင်ဘက်အား ဖြင့် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင်အမျိုးသမီးဦးရေသည် ၂၀.၀၇ သန်းဖြင့် အမျိုးသားထက် မြင့်မားပြီး၊ စုစုပေါင်း လုပ်သားအင်အားပါဝင်မှုတွင်မူ အမျိုးသားများက ၁၃.၀၂ သန်းဖြင့် အမျိုးသမီးထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

ပညာရေးပြီးမြောက်မှုအဆင့်အလိုက် မြို့ပြ၊ ကျေးလက် လုပ်သားအင်အားပါဝင်မှုအခြေအနေကို ကြည့်မည်ဆိုပါက မူလတန်းအဆင့်ပြီးမြောက်မှု ၆၃.၂% ဖြင့်အမြင့်ဆုံးဖြစ်ပြီး၊ မူလတန်းအဆင့်အောက် ၁၈.၉% ၊ အလယ်တန်းအဆင့်ပြီးမြောက်မှု ၇.၉% နှင့် အထက်တန်းအဆင့်ပြီးမြောက်မှု ၉.၉% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျား၊ မ အကြား ပျံ့နှံ့မှုအခြေအနေသည် တူညီသည်ဆိုသော်လည်း အမျိုးသမီးများသည် အထက်တန်းအဆင့်ပြီးမြောက်မှုတွင် အမျိုးသားထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ အထက်တန်းအဆင့် ပြီးမြောက်မှုအပေါ် မြို့ပြ၊ ကျေးလက်နှိုင်းယှဉ်ကြည့်ပါက မြို့ပြသည် ကျေးလက်ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

## 2. Employment and Job Quality

**Table 2. Employment by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Employment (million)** | **12.95** | **9.45** | **6.21** | **16.19** | **22.40** |
| ***By age*** | | | | | |
| 15-24 | 2.28 | 1.80 | 1.01 | 3.07 | 4.08 |
| 25+ | 10.67 | 7.64 | 5.20 | 13.12 | 18.31 |
| ***By broad industry (% distribution)*** | | | | | |
| Agriculture | 54.4 | 42.4 | 9.4 | 64.7 | 49.4 |
| Industry | 16.8 | 16.8 | 25.1 | 13.6 | 16.8 |
| Services | 28.8 | 40.8 | 65.5 | 21.7 | 33.8 |
| ***By economic sector (% distribution)*** | | | | | |
| Agriculture, forestry and fishery | 54.4 | 42.4 | 9.4 | 64.7 | 49.4 |
| Mining and quarrying | 0.9 | 0.3* | 0.3* | 0.8 | 0.7 |
| Manufacturing | 8.9 | 15.5 | 17.3 | 9.5 | 11.7 |
| Electricity, gas, steam, etc. | 0.1* | 0.0* | 0.3* | 0.0* | 0.1* |
| water supply and other | 0.2* | 0.1* | 0.3* | 0.1* | 0.1* |
| Construction | 6.7 | 0.9 | 6.9 | 3.2 | 4.2 |
| Wholesale and retail trade | 10.6 | 24.4 | 32.0 | 10.5 | 16.4 |
| Transportation and storage | 8.6 | 0.5 | 10.8 | 3.0 | 5.2 |
| Accommodation and food services | 1.3 | 2.4 | 3.3 | 1.2 | 1.8 |
| Information and communications | 0.3* | 0.1* | 0.6* | 0.1* | 0.2 |
| Financial and insurance activities | 0.7 | 0.6 | 1.8 | 0.3 | 0.7 |
| Real estate activities | 0.2* | 0.1* | 0.3* | 0.1* | 0.1* |
| Professional and technical activities | 0.3* | 0.3* | 0.8 | 0.1* | 0.3 |
| Administrative | 1.3 | 1.1 | 3.0 | 0.5 | 1.2 |
| Public administration and defence | 0.6 | 0.2 | 1.1 | 0.2 | 0.5 |
| Education | 1.1 | 5.6 | 5.1 | 2.2 | 3.0 |
| Human health and social work activities | 0.3 | 0.9 | 1.1 | 0.4 | 0.6 |
| Arts, entertainment and recreation | 0.2* | 0.1* | 0.5* | 0.0* | 0.2* |
| Other service activities | 3.2 | 3.9 | 4.7 | 3.0 | 3.5 |
| Activities of households as employers | 0.2* | 0.4* | 0.4* | 0.2* | 0.2* |
| Activities of extraterritorial | 0.0* | 0.0* | 0.1* | 0.0* | 0.0* |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual 2018*

** Denotes high relative standard error from too few observations (<50 cases)*

## ၂။ အလုပ်အကိုင်နှင့်အလုပ်၏အရည်အသွေး

### ဇယား-၂။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင်အခြေအနေ

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **အလုပ်လက်ရှိဦးရေ (သန်းပေါင်း)** | **၁၂.၉၅** | **၉.၄၅** | **၆.၂၁** | **၁၆.၁၉** | **၂၂.၄၀** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၂.၂၈ | ၁.၈၀ | ၁.၀၁ | ၃.၀၇ | ၄.၀၈ |
| ၂၅+ | ၁၀.၆၇ | ၇.၆၄ | ၅.၂၀ | ၁၃.၁၂ | ၁၈.၃၁ |
| ***လုပ်ငန်းကဏ္ဍအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| လယ်ယာ | ၅၄.၄ | ၄၂.၄ | ၉.၄ | ၆၄.၇ | ၄၉.၄ |
| စက်မှု | ၁၆.၈ | ၁၆.၈ | ၂၅.၁ | ၁၃.၆ | ၁၆.၈ |
| ဝန်ဆောင်မှု | ၂၈.၈ | ၄၀.၈ | ၆၅.၅ | ၂၁.၇ | ၃၃.၈ |
| ***စီးပွားရေးကဏ္ဍအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| လယ်ယာ၊ သစ်တောနှင့် ရေလုပ်ငန်း | ၅၄.၄ | ၄၂.၄ | ၉.၄ | ၆၄.၇ | ၄၉.၄ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၉ | ၀.၃* | ၀.၃* | ၀.၈ | ၀.၇ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၈.၉ | ၁၅.၅ | ၁၇.၃ | ၉.၅ | ၁၁.၇ |
| လျှပ်စစ်၊ ဓါတ်ငွေ့စသည့် | ၀.၁* | ၀.၀* | ၀.၃* | ၀.၀* | ၀.၁* |
| ရေပေးဝေရေးနှင့် အခြား | ၀.၂* | ၀.၁* | ၀.၃* | ၀.၁* | ၀.၁* |
| ဆောက်လုပ်ရေးလုပ်ငန်း | ၆.၇ | ၀.၉ | ၆.၉ | ၃.၂ | ၄.၂ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေးလုပ်ငန်း | ၁၀.၆ | ၂၄.၄ | ၃၂.၀ | ၁၀.၅ | ၁၆.၄ |
| သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေးလုပ်ငန်း | ၈.၆ | ၀.၅ | ၁၀.၈ | ၃.၀ | ၅.၂ |
| တည်းခိုခန်းနှင့် အစားအသောက်ဝန်ဆောင်မှု | ၁.၃ | ၂.၄ | ၃.၃ | ၁.၂ | ၁.၈ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၀.၃* | ၀.၁* | ၀.၆* | ၀.၁* | ၀.၂ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၀.၇ | ၀.၆ | ၁.၈ | ၀.၃ | ၀.၇ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၀.၂* | ၀.၁* | ၀.၃* | ၀.၁* | ၀.၁* |
| အတတ်ပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း | ၀.၃* | ၀.၃* | ၀.၈ | ၀.၁* | ၀.၃ |
| စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ | ၁.၃ | ၁.၁ | ၃.၀ | ၀.၅ | ၁.၂ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး | ၀.၆ | ၀.၂ | ၁.၁ | ၀.၂ | ၀.၅ |
| ပညာရေး | ၁.၁ | ၅.၆ | ၅.၁ | ၂.၂ | ၃.၀ |
| ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ | ၀.၃ | ၀.၉ | ၁.၁ | ၀.၄ | ၀.၆ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့်အပန်းဖြေရေး | ၀.၂* | ၀.၁* | ၀.၅* | ၀.၀* | ၀.၂* |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၃.၂ | ၃.၉ | ၄.၇ | ၃.၀ | ၃.၅ |
| အိမ်မှုကိစ္စဆိုင်ရာ အိမ်ထောင်စုလုပ်ငန်း | ၀.၂* | ၀.၄* | ၀.၄* | ၀.၂* | ၀.၂* |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏လုပ်ငန်းများ | ၀.၀* | ၀.၀* | ၀.၁* | ၀.၀* | ၀.၀* |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| ***By employment status (% distribution)*** | | | | | |
| Employees | 31.6 | 32.2 | 43.7 | 27.3 | 31.9 |
| Employers | 6.6 | 1.9 | 5.1 | 4.5 | 4.6 |
| Own-account workers | 44.1 | 30.0 | 37.6 | 38.4 | 38.2 |
| Contributing family workers | 17.6 | 35.9 | 13.6 | 29.8 | 25.3 |
| ***By occupation (% distribution)*** | | | | | |
| Managers | 0.9 | 0.5 | 2.1 | 0.2 | 0.7 |
| Professionals | 1.4 | 6.0 | 6.3 | 2.2 | 3.3 |
| Technicians and associate professionals | 2.2 | 1.3 | 4.0 | 1.0 | 1.8 |
| Clerical support workers | 1.7 | 2.4 | 5.2 | 0.8 | 2.0 |
| Services and sales workers | 11.7 | 28.1 | 35.0 | 12.3 | 18.6 |
| Skilled agricultural, forestry & fishery workers | 32.6 | 24.9 | 6.3 | 38.2 | 29.4 |
| Craft and related trades workers | 11.9 | 13.1 | 19.3 | 9.8 | 12.4 |
| Plant and machine operators and assemblers | 8.4 | 1.9 | 10.1 | 3.9 | 5.6 |
| Elementary occupations | 29.0 | 21.8 | 11.6 | 31.5 | 26.0 |
| Armed forces occupations | 0.1* | 0.0* | 0.1* | 0.1* | 0.1* |
| ***By informal status (% distribution)*** | | | | | |
| Informal Employment | 75.7 | 90.0 | 79.2 | 82.7 | 81.7 |
| Formal Employment | 24.3 | 10.0 | 20.8 | 17.3 | 18.3 |
| Employment in the informal sector | 55.8 | 58.7 | 49.9 | 59.8 | 57.0 |
| Informal employment outside the informal sector | 19.9 | 31.3 | 29.3 | 22.9 | 24.7 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual 2018*

**Denotes high relative standard error too few observation (<50 cases)*

According to the survey, 49.4 percent of the employed population are working in Agriculture, Forestry and Fishing sectors. It was followed by Wholesale and Retail Trade 16.4 percent, Manufacturing 11.7 percent, Transportation and Storage 5.2 percent, Construction 4.2 percent, Other service activities 3.5 and Education 3.0 percent. From gender perspective, these sectors also employed less than 3 percent of both male and female labour as well.

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| ***အလုပ်အကိုင်အခြေအနေအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| အလုပ်သမား | ၃၁.၆ | ၃၂.၂ | ၄၃.၇ | ၂၇.၃ | ၃၁.၉ |
| အလုပ်ရှင် | ၆.၆ | ၁.၉ | ၅.၁ | ၄.၅ | ၄.၆ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၄၄.၁ | ၃၀.၀ | ၃၇.၆ | ၃၈.၄ | ၃၈.၂ |
| မိသားစုဝင်လုပ်သား | ၁၇.၆ | ၃၅.၉ | ၁၃.၆ | ၂၉.၈ | ၂၅.၃ |
| ***အလုပ်အကိုင်အုပ်စုအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| မန်နေဂျာများ | ၀.၉ | ၀.၅ | ၂.၁ | ၀.၂ | ၀.၇ |
| အသက်မွေးဝမ်းကျောင်း ပညာရှင်များ | ၁.၄ | ၆.၀ | ၆.၃ | ၂.၂ | ၃.၃ |
| နည်းပညာနှင့်ကျွမ်းကျင်ပညာရှင်များ | ၂.၂ | ၁.၃ | ၄.၀ | ၁.၀ | ၁.၈ |
| စာရေးလုပ်ငန်းအထောက်အကူပြုလုပ်သားများ | ၁.၇ | ၂.၄ | ၅.၂ | ၀.၈ | ၂.၀ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၁၁.၇ | ၂၈.၁ | ၃၅.၀ | ၁၂.၃ | ၁၈.၆ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၃၂.၆ | ၂၄.၉ | ၆.၃ | ၃၈.၂ | ၂၉.၄ |
| လက်မှုပညာနှင့်ဆက်စပ် လုပ်သားများ | ၁၁.၉ | ၁၃.၁ | ၁၉.၃ | ၉.၈ | ၁၂.၄ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ်အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၈.၄ | ၁.၉ | ၁၀.၁ | ၃.၉ | ၅.၆ |
| အခြေခံအလုပ်အကိုင်များ | ၂၉.၀ | ၂၁.၈ | ၁၁.၆ | ၃၁.၅ | ၂၆.၀ |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၀.၁* | ၀.၀* | ၀.၁* | ၀.၁* | ၀.၁* |
| ***သမားရိုးကျမဟုတ်သောကဏ္ဍအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၇၅.၇ | ၉၀.၀ | ၇၉.၂ | ၈၂.၇ | ၈၁.၇ |
| သမားရိုးကျအလုပ်အကိုင် | ၂၄.၃ | ၁၀.၀ | ၂၀.၈ | ၁၇.၃ | ၁၈.၃ |
| သမားရိုးကျမဟုတ်သောလုပ်ငန်းကဏ္ဍရှိ အလုပ်အကိုင် | ၅၅.၈ | ၅၈.၇ | ၄၉.၉ | ၅၉.၈ | ၅၇.၀ |
| သမားရိုးကျမဟုတ်သောလုပ်ငန်းကဏ္ဍ၏ပြင်ပရှိ သမားရိုးကျမဟုတ်သောအလုပ်အကိုင် | ၁၉.၉ | ၃၁.၃ | ၂၉.၃ | ၂၂.၉ | ၂၄.၇ |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံများယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

ဤစစ်တမ်းအရ ၄၉.၄% သည် လယ်ယာ၊ သစ်တောနှင့်ငါးလုပ်ငန်းတို့တွင် လုပ်ကိုင်နေပြီး လက်လီနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍတွင် ၁၆.၄%၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် ၁၁.၇%၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းတွင် ၅.၂%၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ၄.၂%၊ အခြား ဝန်ဆောင်မှုလုပ်ငန်းများတွင် ၃.၅% နှင့် ပညာရေး တွင် ၃.၀% ရှိသည်ကို တွေ့ရှိရပါသည်။ ကျား၊ မ အားလုံး တွင် ကျန်လုပ်ငန်းကဏ္ဍများသည် ၃% အောက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

The proportion of female employed in industrial sectors such as manufacturing, wholesale and retail trade, and education sector was significantly higher than male while the opposite could be found in agriculture, forestry and fishery, construction, transportation and storage sectors.

Based on regional and by distribution of economic sectors, 64.7 percent among 49.4 percent of those employed in agriculture, forestry and fishery sector were working in rural areas while the employed population and business in remaining sectors were higher than in urban areas except mining and quarrying sector.

It was found that, among the 15 years and above population, 60.7 percent were employed. Among those who were employed, 31.9 percent were employees, 4.6 percent were employers, 38.2 percent were own account workers and 25.3 percent were contributing family workers, also known as household work.

In urban areas, the proportion of employees among the employed population was higher than in rural areas while the proportion of a contributing family workers among the employed population was higher in rural areas. Meanwhile, the proportion of employers and own-account workers among the employed population was fewer in both urban and rural areas.

When comparing the employed by gender, there was a higher male proportion in employer and own-account workers categories while the proportion of female was significantly higher in household work roles. This was suggesting that male was regarded as employers while the female was regarded as a contributing to in the household work, business or family business. However, there was a gross similarity between male and female in term of the distribution of employee category.

In term of occupation types, 29.4 percent of the employed population were working as skilled agricultural, forestry and fishery workers followed by 26 percent elementary occupations, 18.6 percent service and sale workers, and 12.4 percent craft and related trade workers.

လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်နေသော အမျိုးသမီးပါဝင်မှုမှာ ကုန်ထုတ်လုပ်ငန်း၊ လက်လီနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ ပညာရေးကဏ္ဍများတွင် အမျိုးသားများထက် သိသိသာသာ မြင့်မားနေပြီး လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးကဏ္ဍတွင် အမျိုးသားများ၏ ပါဝင်မှုမှာပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်ဒေသအကြား နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ဒေသတွင် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် ၆၄.၇% ဖြင့် မြို့ပြဒေသ၏ ရာခိုင်နှုန်း ၄၉.၄ ထက်မြင့်မားစွာ လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး၊ အခြားသောလုပ်ငန်းကဏ္ဍများသည် မြို့ပြဒေသတွင် ပိုမိုမြင့်မားစွာ လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ၏ ၆၀.၇% သည် အလုပ်လုပ်ကိုင်နေသူများဖြစ်ပြီး၊ အဆိုပါ အလုပ်လုပ်ကိုင်နေသူတွင် အလုပ်သမားအဖြစ် လုပ်ကိုင်သူ ၃၁.၉%၊ အလုပ်ရှင်အဖြစ် လုပ်ကိုင်သူ ၄.၆%၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၃၈.၂% နှင့် အခကြေးငွေမရသော မိသားစုဝင်လုပ်သား ၂၅.၃% ရှိသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသရှိ အလုပ်လုပ်ကိုင်နေသော လူဦးရေတွင် အလုပ်သမားများ၏ ပါဝင်မှုအချိုးသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားပြီး အခကြေးငွေမရသော မိသားစုဝင်လုပ်သားအဖြစ် လုပ်ကိုင်နေသူပါဝင်မှုအချိုးသည် ကျေးလက်ဒေသတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်အဖြစ် လုပ်ကိုင်သူနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပါဝင်မှုအချိုးသည် မြို့ပြနှင့်ကျေးလက် နှစ်ခုစလုံးတွင် ပါဝင်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နေသူများကို ကျား၊ မ အလိုက် နှိုင်းယှဉ်ကြည့်ပါက အလုပ်ရှင်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမိုပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အခကြေးငွေမရသော မိသားစုဝင်လုပ်သားအဖြစ် ပါဝင်လုပ်ကိုင်မှုတွင် သိသိသာသာ မြင့်မားသည်ကို တွေ့ရှိရပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အိမ်ထောင်စု သို့မဟုတ် မိသားစုလုပ်ငန်းများတွင် အမျိုးသားများကို အလုပ်ရှင်အဖြစ် မှတ်ယူပြီး အမျိုးသမီးများသည် အခကြေးငွေမရသော မိသားစုဝင်လုပ်သားအဖြစ် လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ အလုပ်သမားအဖြစ် ပါဝင်မှုပုံစံသည် အမျိုးသားနှင့် အမျိုးသမီးကြား အကြမ်းဖျင်းအားဖြင့် တူညီသည်ကို တွေ့ရှိရပါသည်။

အဓိက အလုပ်အကိုင်များမှာ ကျွမ်းကျင် လယ်ယာ၊ သစ်တောနှင့် ရေလုပ်ငန်းများ ၂၉.၄%၊ အခြေခံအလုပ်အကိုင်များ ၂၆.၀%၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ ၁၈.၆% နှင့် လက်မှုနှင့် ဆက်စပ်လုပ်သားများ ၁၂.၄% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Informal employment accounted for 81.7 percent at Union level in which the same as other developing countries. In comparison, the presence of formal employment was higher in urban areas than in the rural areas while the proportion of females employed in informal employment was relatively higher than male. At the Union level, the employment in the informal sector accounted for 57 percent and the informal employment outside the informal sector accounted for 24.7 percent.

အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ပြည်ထောင်စုအဆင့်တွင် သမားရိုးကျမဟုတ်သော အလုပ်အကိုင်တွင် လုပ်ကိုင်နေမှုသည် အလွန်မြင့်မားပြီး ရာခိုင်နှုန်းအနေဖြင့် ၈၁.၇% ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးလက်နှင့် မြို့ပြ နှိုင်းယှဉ်ရာတွင် သမားရိုးကျအလုပ်အကိုင်တွင် လုပ်ကိုင်နေမှုသည် မြို့ပြဒေသသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ ကျား၊ မ အလိုက် ကြည့်မည်ဆိုပါက သမားရိုးကျမဟုတ်သော အလုပ်အကိုင်ကို လုပ်ကိုင်နေသော အမျိုးသမီးပါဝင်မှုသည် အမျိုးသားများထက် အလွန်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်တွင် သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူ ၅၇.၀% နှင့် သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍပြင်ပရှိ သမားရိုးကျမဟုတ်သော အလုပ်အကိုင်ကို လုပ်ကိုင်နေသူ ၂၄.၇% ရှိသည်ကို တွေ့ရှိရပါသည်။

## 3. Wages and earnings

**Table 3. Monthly wages and earnings of wage employees by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Average monthly wages and earnings ('000 kyats)** | **189.7** | **156.9** | **212.8** | **153.0** | **175.7** |
| ***By age*** | | | | | |
| 15-24 | 158.8 | 155.6 | 175.1 | 147.5 | 157.3 |
| 25+ | 200.0 | 157.4 | 225.0 | 155.0 | 182.3 |
| ***By economic sector*** | | | | | |
| Agriculture, forestry and fishery | 132.0 | 93.3 | 129.5 | 115.4 | 116.0 |
| Mining and quarrying | 193.0 | 118.9 | 240.4 | 173.1 | 180.6 |
| Manufacturing | 198.8 | 171.6* | 195.2* | 175.0 | 183.6 |
| Electricity, gas, steam, etc. | 228.0* | 194.5* | 218.4* | 231.9* | 221.3* |
| water supply and other | 177.8* | 152.0* | 164.1* | 193.2* | 172.5* |
| Construction | 194.4 | 142.4 | 211.9 | 170.8 | 189.3 |
| Wholesale and retail trade | 208.4 | 160.5 | 186.8 | 173.9 | 183.7 |
| Transportation and storage | 262.8 | 201.1* | 270.5 | 240.3 | 258.2 |
| Accommodation and food services | 233.6 | 199.3* | 252.8 | 164.8* | 220.2 |
| Information and communications | 239.9* | 332.0* | 305.6* | 181.9* | 262.0* |
| Financial and insurance activities | 261.6 | 248.7 | 251.3 | 270.6 | 256.8 |
| Real estate activities | 500.0* | - | 500.0* | - | 500.0* |
| Professional and technical activities | 330.1* | 342.1* | 339.5* | 300.4* | 335.2 |
| Administrative | 229.7 | 215.3 | 226.1 | 219.4 | 223.9 |
| Public administration and defence | 213.0 | 218.7 | 232.6 | 183.2 | 214.3 |
| Education | 306.3 | 196.8 | 220.7 | 219.1 | 219.8 |
| Human health and social work activities | 204.0* | 223.1 | 234.2 | 199.1* | 218.6 |
| Arts, entertainment and recreation | 321.7* | 174.3* | 278.1* | 180.0* | 264.7* |
| Other service activities | 142.1 | 129.6 | 174.6 | 118.9 | 136.6 |
| Activities of households as employers | 132.4* | 152.1* | 157.6* | 127.1* | 147.9* |
| Activities of extraterritorial | 379.6* | 223.4* | 287.6* | - | 287.6* |

*Source: Myanmar Annual Labour Force Survey, 2$^{nd}$ Semi-Annual 2018*

** Denotes high relative standard error from too few observations (<50 cases)*

*- Real estate activities in female and rural are no sample.*

*- Activities of extraterritorial in rural are no sample.*

## ၃။ လုပ်ခနှင့်ဝင်ငွေရရှိမှု

**ဇယား- ၃။ အသက်အုပ်စု၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် အခကြေးငွေရ အလုပ်သမားများ၏ လစဉ် လုပ်ခနှင့်ဝင်ငွေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **လစဉ်ပျမ်းမျှ လုပ်ခလစာ ('၀၀၀ ကျပ်)** | ၁၈၉.၇ | ၁၅၆.၉ | ၂၁၂.၈ | ၁၅၃.၀ | ၁၇၅.၇ |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၁၅၈.၈ | ၁၅၅.၆ | ၁၇၅.၁ | ၁၄၇.၅ | ၁၅၇.၃ |
| ၂၅+ | ၂၀၀.၀ | ၁၅၇.၄ | ၂၂၅.၀ | ၁၅၅.၀ | ၁၈၂.၃ |
| ***စီးပွားရေးကဏ္ဍအလိုက်*** | | | | | |
| လယ်ယာ၊ သစ်တောနှင့် ရေလုပ်ငန်း | ၁၃၂.၀ | ၉၃.၃ | ၁၂၉.၅ | ၁၁၅.၄ | ၁၁၆.၀ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁၉၃.၀ | ၁၁၈.၉ | ၂၄၀.၄ | ၁၇၃.၁ | ၁၈၀.၆ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၉၈.၈ | ၁၇၁.၆* | ၁၉၅.၂* | ၁၇၅.၀ | ၁၈၃.၆ |
| လျှပ်စစ်၊ ဓါတ်ငွေ့စသည့် | ၂၂၈.၀* | ၁၉၄.၅* | ၂၁၈.၄* | ၂၃၀.၉* | ၂၂၁.၃* |
| ရေပေးဝေရေးနှင့် အခြား | ၁၇၇.၈* | ၁၅၂.၀* | ၁၆၄.၁* | ၁၉၃.၂* | ၁၇၂.၅* |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၉၄.၄ | ၁၄၂.၄ | ၂၁၁.၉ | ၁၇၀.၈ | ၁၈၉.၃ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေး | ၂၀၈.၄ | ၁၆၀.၅ | ၁၈၆.၈ | ၁၇၃.၉ | ၁၈၃.၇ |
| သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေး | ၂၆၂.၈ | ၂၀၁.၁* | ၂၇၀.၅ | ၂၄၀.၃ | ၂၅၈.၂ |
| တည်းခိုခန်းနှင့် အစားအသောက်ဝန်ဆောင်မှု | ၂၃၃.၆ | ၁၉၉.၃* | ၂၅၂.၈ | ၁၆၄.၈* | ၂၂၀.၂ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၂၃၉.၉* | ၃၃၂.၀* | ၃၀၅.၆* | ၁၈၁.၉* | ၂၆၂.၀* |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၂၆၁.၆ | ၂၄၈.၇ | ၂၅၁.၃ | ၂၇၀.၆ | ၂၅၆.၈ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၅၀၀.၀* | - | ၅၀၀.၀* | - | ၅၀၀.၀* |
| အတတ်ပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း | ၃၃၀.၁* | ၃၄၂.၁* | ၃၃၉.၅* | ၃၀၀.၄* | ၃၃၅.၂ |
| စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ | ၂၂၉.၇ | ၂၁၅.၃ | ၂၂၆.၁ | ၂၁၉.၄ | ၂၂၃.၉ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး | ၂၁၃.၀ | ၂၁၈.၇ | ၂၃၂.၆ | ၁၈၃.၂ | ၂၁၄.၃ |
| ပညာရေး | ၃၀၆.၃ | ၁၉၆.၈ | ၂၂၀.၇ | ၂၁၉.၁ | ၂၁၉.၈ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်း | ၂၀၄.၀* | ၂၂၃.၁ | ၂၃၄.၂ | ၁၉၉.၁* | ၂၁၈.၆ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့်အပန်းဖြေရေး | ၃၂၁.၇* | ၁၇၄.၃* | ၂၇၈.၁* | ၁၈၀.၀* | ၂၆၄.၇* |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၁၄၂.၁ | ၁၂၉.၆ | ၁၇၄.၆ | ၁၁၈.၉ | ၁၃၆.၆ |
| အိမ်မှုကိစ္စဆိုင်ရာ အိမ်ထောင်စု လုပ်ငန်း | ၁၃၂.၄* | ၁၅၂.၁* | ၁၅၇.၆* | ၁၂၇.၁* | ၁၄၇.၉* |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ | ၃၇၉.၆* | ၂၂၃.၄* | ၂၈၇.၆* | - | ၂၈၇.၆* |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံနှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

* *နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

\- *အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ၏ အမျိုးသမီးနှင့် ကျေးလက်တို့တွင် နမူနာအရွယ်ပါဝင်လာခြင်းမရှိပါ။*

\- *သံတမန်အခွင့်အရေးရ အဖွဲ့အစည်းလုပ်ငန်းများ၏ ကျေးလက်တွင် နမူနာအရွယ်ပါဝင်လာခြင်းမရှိပါ။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| ***By occupation*** | | | | | |
| Managers | 462.9 | 360.4* | 445.5 | 347.7* | 430.5 |
| Professionals | 323.6 | 211.0 | 245.7 | 226.4 | 236.3 |
| Technicians and associate professionals | 394.7 | 272.1 | 370.6 | 231.1* | 333.2 |
| Clerical support workers | 218.4 | 216.6 | 221.6 | 207.0 | 217.5 |
| Services and sales workers | 191.9 | 152.2 | 177.0 | 161.0 | 171.9 |
| Skilled agricultural, forestry & fishery workers | 161.7 | 119.5 | 188.4 | 143.5 | 146.4 |
| Craft and related trades workers | 189.3 | 176.4 | 192.3 | 178.9 | 184.7 |
| Plant and machine operators and assemblers | 256.8 | 110.2 | 249.3 | 203.9 | 221.6 |
| Elementary occupations | 136.7 | 99.2 | 142.2 | 117.7 | 122.0 |
| Armed forces occupations | 218.5* | 168.9* | 245.2* | 200.1* | 213.4* |
| ***By education*** | | | | | |
| Less than primary | 153.5 | 98.9 | 154.8 | 126.9 | 132.1 |
| Completed primary | 170.3 | 131.2 | 179.2 | 144.7 | 155.8 |
| Completed secondary | 203.3 | 184.6 | 206.0 | 182.7 | 196.0 |
| Tertiary (first stage or completed) | 317.4 | 222.6 | 276.9 | 228.0 | 258.6 |
| ***By informal status*** | | | | | |
| Informal Employment | 185.9 | 153.1 | 210.9 | 149.3 | 172.2 |
| Formal Employment | 307.2 | 215.3 | 239.0 | 271.3 | 252.7 |
| Employment in the informal sector | 167.1 | 120.0 | 179.6 | 136.7 | 149.2 |
| Informal employment outside the informal sector | 221.3 | 191.9 | 237.5 | 176.2 | 207.0 |
| Medium Monthly wages ('000 Kyats) | 160.0 | 150.0 | 194.0 | 144.0 | 160.0 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual 2018*

** Denotes high relative standard error from too few observations (<50 cases)*

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| ***အလုပ်အကိုင်အလိုက်*** | | | | | |
| မန်နေဂျာများ | ၄၆၂.၉ | ၃၆၀.၄* | ၄၄၅.၅ | ၃၄၇.၇* | ၄၃၀.၅ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၃၂၃.၆ | ၂၁၁.၀ | ၂၄၅.၇ | ၂၂၆.၄ | ၂၃၆.၃ |
| နည်းပညာနှင့်ကျွမ်းကျင်ပညာရှင်များ | ၃၉၄.၇ | ၂၇၂.၁ | ၃၇၀.၆ | ၂၃၁.၁* | ၃၃၃.၂ |
| စာရေးလုပ်ငန်းအထောက်အကူပြုလုပ်သားများ | ၂၁၈.၄ | ၂၁၆.၆ | ၂၂၁.၆ | ၂၀၇.၀ | ၂၁၇.၅ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၁၉၁.၉ | ၁၅၂.၂ | ၁၇၇.၀ | ၁၆၁.၀ | ၁၇၁.၉ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၁၆၁.၇ | ၁၁၉.၅ | ၁၈၈.၄ | ၁၄၃.၅ | ၁၄၆.၄ |
| လက်မှုပညာနှင့်ဆက်စပ်လုပ်သားများ | ၁၈၉.၃ | ၁၇၆.၄ | ၁၉၂.၃ | ၁၇၈.၉ | ၁၈၄.၇ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ်အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၂၅၆.၈ | ၁၁၀.၂ | ၂၄၉.၃ | ၂၀၃.၉ | ၂၂၁.၆ |
| အခြေခံအလုပ်အကိုင်များ | ၁၃၆.၇ | ၉၉.၂ | ၁၄၂.၂ | ၁၁၇.၇ | ၁၂၂.၀ |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၂၁၈.၅* | ၁၆၈.၉* | ၂၄၅.၂* | ၂၀၀.၁* | ၂၁၃.၄* |
| ***ပညာအရည်အချင်းအလိုက်*** | | | | | |
| မူလတန်းအောက် | ၁၅၃.၅ | ၉၈.၉ | ၁၅၄.၈ | ၁၂၆.၉ | ၁၃၂.၁ |
| မူလတန်းပြီးမြောက် | ၁၇၀.၃ | ၁၃၁.၂ | ၁၇၉.၂ | ၁၄၄.၇ | ၁၅၅.၈ |
| အလယ်တန်းပြီးမြောက် | ၂၀၃.၃ | ၁၈၄.၆ | ၂၀၆.၀ | ၁၈၂.၇ | ၁၉၆.၀ |
| အထက်တန်းအဆင့်(ပထမအဆင့်(သို့) ပြီးမြောက်သည့်အဆင့်) | ၃၁၇.၄ | ၂၂၂.၆ | ၂၇၆.၉ | ၂၂၈.၀ | ၂၅၈.၆ |
| ***သမားရိုးကျမဟုတ်သောကဏ္ဍအလိုက်*** | | | | | |
| သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၁၈၅.၉ | ၁၅၃.၁ | ၂၁၀.၉ | ၁၄၉.၃ | ၁၇၂.၂ |
| သမားရိုးကျ အလုပ်အကိုင် | ၃၀၇.၂ | ၂၁၅.၃ | ၂၃၉.၀ | ၂၇၁.၃ | ၂၅၂.၇ |
| သမားရိုးကျမဟုတ်သောကဏ္ဍရှိ လုပ်ကိုင်နေသူ | ၁၆၇.၁ | ၁၂၀.၀ | ၁၇၉.၆ | ၁၃၆.၇ | ၁၄၉.၂ |
| သမားရိုးကျကဏ္ဍ၏ပြင်ပရှိ သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၂၂၁.၃ | ၁၉၁.၉ | ၂၃၇.၅ | ၁၇၆.၂ | ၂၀၇.၀ |
| တစ်လလုပ်ခလစာ အလယ်ကိန်း ('၀၀၀ ကျပ်) | ၁၆၀.၀ | ၁၅၀.၀ | ၁၉၄.၀ | ၁၄၄.၀ | ၁၆၀.၀ |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် ခိုင်းယှဉ်စံများယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

The wages and earnings of all employed persons including those with paid employment, either paid or working as employer and self-employed were presented. When calculating the wage and earnings of those with paid employment, the benefits that they received in the last 30 days before the date of the survey were also included as a component of wage.

For those with paid employment, the average earnings monthly rate was 175.7 kyats in thousand. However, the average earnings monthly of adults with paid employment who earned 182.3 thousand kyats was higher than the youths who earned 157.3 thousand kyats. Also, the average earnings monthly of adults was higher than youths in both urban and rural areas.

In term of economic sectors, the highest earner was those employed in real estate sector with average earnings monthly accounted for 500 thousand kyats and the second-highest earner was those employed in professional and technical activities which accounted for 335.2 thousand kyats of the monthly average. The lowest earner was found in agriculture, forestry and fishery sector with average earnings monthly accounted for 116 thousand kyats only.

In term of occupations, managers were the highest earners with an average earnings monthly of 430.5 thousand kyats while those who earned 122 thousand kyats in elementary occupations were the lowest earner.

In observing those with paid employment and employed as an employee, it was found out that the higher that they attain education, the higher that their earnings would be in general. Moreover, the average earnings of those working in the informal sector were less than those working in the formal sector. At the same time, the average earnings of those with informal occupations working in the formal sector were higher than those employed in informal sectors. The medium earnings of all paid employees were 160 thousand kyats.

အလုပ်လက်ရှိများ၏ လုပ်ခလစာနှင့် ဝင်ငွေရရှိမှုများကို လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူများ၊ လုပ်ခ၊လစာ သို့မဟုတ် အလုပ်ရှင်အဖြစ် လုပ်ကိုင်သူများအပါအဝင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ အားလုံးအတွက် ဖော်ပြထားပါသည်။ လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူများအတွက် လုပ်ခလစာနှင့်ဝင်ငွေများကို တွက်ချက်ရာတွင် စစ်တမ်းကောက်ယူသည့်နေ့မတိုင်မီ လွန်ခဲ့သောရက် ၃၀ အတွင်း ၎င်းတို့ရရှိခဲ့သည့် အကျိုးခံစားခွင့်များကိုလည်း လုပ်ခလစာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းထားပါသည်။

လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူများ၏ တစ်လပျမ်းမျှဝင်ငွေမှာ ကျပ်ထောင်ပေါင်း ၁၇၅.၇ ဖြစ်ပြီး အရွယ်ရောက်ပြီးသူများ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၁၈၂.၃ သည် လူငယ်များ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၁၅၇.၃ ထက် လုပ်ခလစာပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသနှင့် ကျေးလက်ဒေသများတွင် လူကြီးများ၏ လုပ်ခလစာသည် လူငယ်များထက် ပိုမိုမြင့်မားပါသည်။

လုပ်ငန်းကဏ္ဍများအလိုက် ကြည့်မည်ဆိုပါက အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၏ လုပ်ခလစာသည် ကျပ်ထောင်ပေါင်း ၅၀၀.၀ ဖြင့် အမြင့်ဆုံးဖြစ်ပြီး၊ ဒုတိယအမြင့်ဆုံးမှာ အတတ်ပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၏ လုပ်ခလစာသည် ကျပ်ထောင်ပေါင်း ၃၃၅.၂ ဖြစ်သည်ကို တွေ့ရှိရပါသည်။ အနိမ့်ဆုံးလုပ်ခလစာရရှိမှုမှာ လယ်ယာ၊ သစ်တောနှင့်ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်ပြီး လုပ်ခလစာမှာ ကျပ်ထောင်ပေါင်း ၁၁၆.၀ သာရရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်အကိုင်အလိုက် ကြည့်မည်ဆိုပါက မန်နေဂျာများ၏ တစ်လပျမ်းမျှဝင်ငွေရရှိမှုသည် ကျပ်ထောင်ပေါင်း ၄၃၀.၅ ဖြင့် အများဆုံးရရှိပြီး အခြေခံအလုပ်အကိုင်များ၏ လုပ်ခလစာမှာ ကျပ်ထောင်ပေါင်း ၁၂၂.၀ ဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် အလုပ်သမားအဖြစ် လုပ်ကိုင်နေသူများကိုကြည့်မည်ဆိုပါက ပညာရေးအဆင့်ပြီးမြောက်မှုမြင့်မားပါက လုပ်ခလစာရရှိမှုသည်လည်း မြင့်မားသည်ကို တွေ့ရှိရပါသည်။ သမားရိုးကျမဟုတ်သောကဏ္ဍရှိ အလုပ်အကိုင်လုပ်ကိုင်နေသူများ၏ လုပ်ခလစာသည် သမားရိုးကျကဏ္ဍရှိ လုပ်ကိုင်နေသူများ၏ လုပ်ခ၊ လစာထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။ သမားရိုးကျမဟုတ်သော ကဏ္ဍပြင်ပရှိ သမားရိုးကျမဟုတ်သော အလုပ်အကိုင်မှ ရရှိသောဝင်ငွေသည် ကဏ္ဍအသီးသီးရှိ သမားရိုးကျမဟုတ်သော အလုပ်အကိုင်မှရရှိသော ဝင်ငွေထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်သမားများ၏ တစ်လလုပ်ခလစာအလယ်ကိန်းရရှိမှုမှာ ကျပ်ထောင်ပေါင်း ၁၆၀.၀ ဖြစ်သည်ကို တွေ့ရှိရပါသည်။

**Table 4. Total Monthly Wages and Earnings of all employed persons by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Average Monthly Wages and Earnings ('000 kyats)** | 238.1 | 177.0 | 232.0 | 208.4 | 215.9 |
| ***By age*** | | | | | |
| 15-24 | 164.1 | 151.4 | 173.2 | 150.6 | 158.2 |
| 25+ | 248.5 | 183.0 | 242.8 | 218.1 | 226.0 |
| ***By broad economic sector*** | | | | | |
| Agriculture | 243.8 | 152.7 | 244.2 | 222.8 | 224.1 |
| Industry | 224.1 | 170.7 | 218.9 | 190.0 | 202.0 |
| Services | 237.7 | 190.7 | 235.9 | 191.0 | 215.0 |
| ***By status in employment*** | | | | | |
| Employees | 189.7 | 156.9 | 212.8 | 153.0 | 175.7 |
| Self-employed | 268.2 | 197.2 | 251.6 | 243.7 | 245.9 |
| Of which: Employers | 483.5 | 328.6 | 419.7 | 473.0 | 456.9 |
| ***By informal status*** | | | | | |
| Informal Employment | 207.5 | 164.0 | 215.0 | 177.9 | 189.9 |
| Formal Employment | 311.1 | 247.0 | 285.4 | 301.3 | 296.3 |
| Employment in the informal sector | 204.2 | 153.8 | 203.1 | 177.8 | 184.8 |
| Informal employment outside the informal sector | 221.9 | 192.8 | 237.8 | 178.4 | 207.8 |
| Medium Monthly wages ('000 Kyats) | 200.0 | 150.0 | 200.0 | 160.0 | 180.0 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual2018*

## ဇယား၄။ အသက်အုပ်စု၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သူအားလုံး၏ စုစုပေါင်းတစ်လ လုပ်ခနှင့်ဝင်ငွေ

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| ပျမ်းမျှလစဉ်လုပ်ခနှင့် ဝင်ငွေ ('၀၀၀ကျပ်) | ၂၃၈.၁ | ၁၇၇.၀ | ၂၃၂.၀ | ၂၀၈.၄ | ၂၁၅.၉ |
| ***အသက်အလိုက်*** | | | | | |
| ၁၅-၂၄ | ၁၆၄.၁ | ၁၅၁.၄ | ၁၇၃.၂ | ၁၅၀.၆ | ၁၅၈.၂ |
| ၂၅+ | ၂၄၈.၅ | ၁၈၃.၀ | ၂၄၂.၈ | ၂၁၈.၁ | ၂၂၆.၀ |
| ***အဓိကစီးပွားရေးကဏ္ဍအလိုက်*** | | | | | |
| လယ်ယာ | ၂၄၃.၈ | ၁၅၂.၇ | ၂၄၄.၂ | ၂၂၂.၈ | ၂၂၄.၁ |
| စက်မှု | ၂၂၄.၁ | ၁၇၀.၇ | ၂၁၈.၉ | ၁၉၀.၀ | ၂၀၂.၀ |
| ဝန်ဆောင်မှု | ၂၃၇.၇ | ၁၉၀.၇ | ၂၃၅.၉ | ၁၉၁.၀ | ၂၁၅.၀ |
| ***အလုပ်အကိုင်အခြေအနေအလိုက်*** | | | | | |
| အလုပ်သမား | ၁၈၉.၇ | ၁၅၆.၉ | ၂၁၂.၈ | ၁၅၃.၀ | ၁၇၅.၇ |
| ကိုယ်တိုင်လုပ်ကိုင်သူ | ၂၆၈.၂ | ၁၉၇.၂ | ၂၅၁.၆ | ၂၄၃.၇ | ၂၄၅.၉ |
| ၎င်းတို့ထဲမှ-အလုပ်ရှင် | ၄၈၃.၅ | ၃၂၈.၆ | ၄၁၉.၇ | ၄၇၃.၀ | ၄၅၆.၉ |
| ***သမားရိုးကျဖြစ်မှုအခြေအနေအလိုက်*** | | | | | |
| သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၂၀၇.၅ | ၁၆၄.၀ | ၂၁၅.၀ | ၁၇၇.၉ | ၁၈၉.၉ |
| သမားရိုးကျအလုပ်အကိုင် | ၃၁၁.၁ | ၂၄၇.၀ | ၂၈၅.၄ | ၃၀၁.၃ | ၂၉၆.၃ |
| သမားရိုးကျမဟုတ်သောကဏ္ဍတွင် လုပ်ကိုင်နေသူ | ၂၀၄.၂ | ၁၅၃.၈ | ၂၀၃.၁ | ၁၇၇.၈ | ၁၈၄.၈ |
| သမားရိုးကျကဏ္ဍ၏ပြင်ပရှိ သမားရိုးကျမဟုတ်သောအလုပ်အကိုင် လုပ်ကိုင်နေသူ | ၂၂၁.၉ | ၁၉၂.၈ | ၂၃၇.၈ | ၁၇၈.၄ | ၂၀၇.၈ |
| တစ်လလုပ်ခလစာ အလယ်ကိန်း('၀၀၀ကျပ်) | ၂၀၀.၀ | ၁၅၀.၀ | ၂၀၀.၀ | ၁၆၀.၀ | ၁၈၀.၀ |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

For all employed persons, the average earnings monthly was 215.9 thousand kyats and the adult (226.0 thousand kyats) was higher than youth (158.2 thousand kyats) regardless of gender and types of residence. By broad economic sectors, those who were employed in the agriculture sector received the highest rate (224.1 thousand kyats). By status in employment, employees earned the lowest rate (175.7 thousand kyats). In general, the average earnings monthly of own-account worker was 245.9 thousand kyats and of which employer was, 456.9 thousand kyats, the highest of the groups. Likewise among paid employees, there was an earnings gap between formal and informal employment among all employed persons. The medium average earnings monthly for all employed persons was 180.0 thousand kyats.

အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လပျမ်းမျှဝင်ငွေသည် ကျပ်ထောင်ပေါင်း ၂၁၅.၉ ဖြစ်ပြီး၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်တို့တွင် အရွယ်ရောက်ပြီးသူများ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၂၂၆.၀ သည် လူငယ်ဝင်ငွေကျပ်ထောင်ပေါင်း ၁၅၈.၂ ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအလိုက် ကြည့်မည်ဆိုပါက လယ်ယာကဏ္ဍသည် ဝင်ငွေအများဆုံးရရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်အခြေအနေအလိုက်ကြည့်မည်ဆိုပါက အလုပ်သမားများ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၁၇၅.၇ သည် အနိမ့်ဆုံးဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများသည် ဝင်ငွေကျပ်ထောင်ပေါင်း ၂၄၅.၉ ရရှိပြီး အလုပ်ရှင်များ၏ဝင်ငွေသည် ကျပ်ထောင်ပေါင်း ၄၅၆.၉ ဖြင့် အမြင့်ဆုံးရရှိနေသည်ကို တွေ့ရှိရပါသည်။ လုပ်ခ၊ လစာဖြင့် လုပ်ကိုင်နေသူများနည်းတူ အလုပ်လက်ရှိအားလုံးတွင်လည်း သမားရိုးကျမဟုတ်သော အလုပ်အကိုင်တွင် လုပ်ကိုင်နေသူများ၏ လုပ်ခ၊ လစာနှင့် သမားရိုးကျအလုပ်အကိုင်တွင် လုပ်ကိုင်နေသူများ၏ လုပ်ခ၊ လစာသည် ကွာဟမှုရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်းအလုပ်လုပ်ကိုင်သူ အားလုံး၏ လုပ်ခနှင့် ဝင်ငွေအလယ်ကိန်းရရှိမှုမှာ ကျပ်ထောင်ပေါင်း ၁၈၀.၀ ဖြစ်သည်ကို တွေ့ရှိရပါသည်။

## 4. Labour Underutilization

**Table 5. Labour Underutilisation by age, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Labour Underutilisation (Aged 15+) (million)** | | | | | |
| Time-related Underemployment | 0.44 | 0.34 | 0.14 | 0.64 | 0.78 |
| Unemployment | 0.07 | 0.08 | 0.08 | 0.07 | 0.15 |
| Potential Labour Force (marginal attachment) | 0.08 | 0.13 | 0.03 | 0.18 | 0.21 |
| Unemployment rate (%) | 0.6 | 0.8 | 1.2 | 0.5 | 0.7 |
| Composite rate of Labour Underutilisation (%) | 4.5 | 5.7 | 3.8 | 5.5 | 5.0 |
| **Youth Labour Underutilisation, aged 15-24 (million)** | | | | | |
| Time-Related Underemployment | 0.16 | 0.09 | 0.04 | 0.21 | 0.25 |
| Unemployment | 0.04 | 0.04 | 0.04 | 0.04 | 0.08 |
| Potential Labour Force | 0.03 | 0.05 | 0.01 | 0.07 | 0.08 |
| Unemployment rate (%) | 1.9 | 2.2 | 3.9 | 1.4 | 2.0 |
| Composite rate of Labour Underutilisation (%) | 10.1 | 9.5 | 8.3 | 10.3 | 9.8 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual2018*

At the Union level, the unemployment rate was 0.7 percent. Although the gross unemployment rate was low, the youth (aged 15-24) unemployment rate was higher, at 2.0 percent. It was also shown that the unemployment rate was higher in urban than in rural while there was no disparity between male and female.

## ၄။ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း

**ဇယား-၅။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှု အခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှု (၁၅ နှစ်နှင့်အထက်) (သန်းပေါင်း)** | | | | | |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ | ၀.၄၄ | ၀.၃၄ | ၀.၁၄ | ၀.၆၄ | ၀.၇၈ |
| အလုပ်လက်မဲ့ | ၀.၀၇ | ၀.၀၈ | ၀.၀၈ | ၀.၀၇ | ၀.၁၅ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား (အနည်းငယ်) | ၀.၀၈ | ၀.၁၃ | ၀.၀၃ | ၀.၁၈ | ၀.၂၁ |
| အလုပ်လက်မဲ့နှုန်း (%) | ၀.၆ | ၀.၈ | ၁.၂ | ၀.၅ | ၀.၇ |
| စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်း (%) | ၄.၅ | ၅.၇ | ၃.၈ | ၅.၅ | ၅.၀ |
| **လူငယ် လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှု (အသက် ၁၅-၂၄ နှစ်)(သန်းပေါင်း)** | | | | | |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ | ၀.၁၆ | ၀.၀၉ | ၀.၀၄ | ၀.၂၁ | ၀.၂၅ |
| အလုပ်လက်မဲ့ | ၀.၀၄ | ၀.၀၄ | ၀.၀၄ | ၀.၀၄ | ၀.၀၈ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား | ၀.၀၃ | ၀.၀၅ | ၀.၀၁ | ၀.၀၇ | ၀.၀၈ |
| အလုပ်လက်မဲ့နှုန်း (%) | ၁.၉ | ၂.၂ | ၃.၉ | ၁.၄ | ၂.၀ |
| စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်း(%) | ၁၀.၁ | ၉.၅ | ၈.၃ | ၁၀.၃ | ၉.၈ |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

ပြည်ထောင်စုအဆင့်တွင် အလုပ်လက်မဲ့နှုန်းသည် ၀.၇% ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့နှုန်းသည် နည်းပါးသော်လည်း အသက် ၁၅-၂၄ နှစ် လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် ၂.၀% ဖြင့် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက် ကြည့်မည်ဆိုပါက ကျေးလက်ထက် မြို့ပြသည် မြင့်မားကြောင်း တွေ့ရှိရပြီး၊ ကျား၊ မ အကြား ကွာခြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

The unemployment rate in the whole country was low mainly because of a weak social security system and as a result, people had to take up any job they could get just for survival. In these circumstances, it should be cautious about using Labour Underutilisation (LU) indicators in policy formulation. Labour Underutilisation refers to a mismatched between labour supply and labour demand, resulting in an unmet need of employment among the population.

The Potential Labour Force was 0.21 million, and among them, female constituted 61.9 percent while male, 38.1 percent. Comparing between the rural and urban areas, rural area had 85.7 percent of Potential Labour Force while urban area, 14.3 percent.

In youth Potential Labour Force, which was 0.08 million, the ratio of female was a little higher than that of male.

The calculation of composite rate of Labour Underutilisation took into account of the unemployed, and those working for hours that were less than they desired to work (Time Related Underemployment), those who were not counted in the labour force but were available for work but not looking for work, and those who were looking for work but were not currently available for work.

At the Union level, the rate of labour underutilisation of the working-age population was 5.0 percent, and of the youth (aged 15-24) was 9.8 percent. The composite rate of labour underutilization was higher for females than for males. Likewise, both at the Union level and in the youth category, the rate of labour underutilisation was much high areas in rural.

တစ်နိုင်ငံလုံးအတိုင်းအတာအရ အလုပ်လက်မဲ့နှုန်း နိမ့်ကျရခြင်းသည် အဓိကအားဖြင့် နိုင်ငံ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်စနစ် အားနည်းမှုနှင့် ရှင်သန်နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင်ရွေးချယ်ခွင့် မရှိဘဲ ရရာအလုပ်ကို လုပ်ကိုင်နေရခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါ အခြေအနေများ တည်ရှိနေသည့် အတွက် နိုင်ငံ၏ အလုပ်အကိုင်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှု (Labour Underutilization - LU) အညွှန်းကိန်းများကို ချင့်ချိန်အသုံးပြုသွားရမည် ဖြစ်ပါသည်။ လုပ်သား အင်အားအပြည့်အဝအသုံးမချနိုင်မှုဆိုသည်မှာ ပြည်သူများ၏ အလုပ်အကိုင်လိုအပ်ချက် မဖြည့်ဆည်းနိုင်မှုကို ဖြစ်ပေါ်စေသော လုပ်သားဖြည့်ဆည်းနိုင်မှုနှင့် လုပ်သားလိုအပ်ချက်အကြား ကိုက်ညီမှုမရှိသည့် အခြေအနေ ကို ဆိုလိုပါသည်။

ဖြစ်နိုင်ချေရှိသော လုပ်သားအင်အားအရေအတွက် ၀.၂၁ သန်းကျော်တွင် အမျိုးသမီး ၆၁.၉% နှင့် အမျိုးသား ၃၈.၁% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ကြည့်ရာ ကျေးလက်ဒေသများ တွင် ၈၅.၇% ဖြစ်ပြီး၊ မြို့ပြဒေသများတွင် ၁၄.၃% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လူငယ်များ၏ ဖြစ်နိုင်ချေရှိသော လုပ်သားအင်အားတွင် ပါဝင်သူ ၀.၀၈ သန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုကို ရေတွက်ရာတွင် အလုပ်လက်မဲ့အရေအတွက်၊ အလုပ် လုပ်ကိုင်နေသော်လည်း အလုပ်ချိန်ကို လုပ်ကိုင်လိုသည့် အလုပ်ချိန်နာရီထက် လျော့နည်းလုပ်ကိုင်နေသူ အရေအတွက် (တစ်နည်းအားဖြင့် အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့) နှင့် လုပ်သားအင်အား တွင် ထည့်သွင်းရေတွက်ထားခြင်းမရှိသည့် အလုပ်ရှာဖွေခြင်း မရှိသော်လည်း အလုပ်လုပ်ရန် အဆင်သင့်ဖြစ် နေသူများနှင့် အလုပ်ရှာဖွေနေသော်လည်း အလုပ်လုပ်ရန် အဆင်သင့်မဖြစ်သူများကို ထည့်သွင်းရေတွက် ပါသည်။

ပြည်ထောင်စုအဆင့်တွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်းမှာ ၅.၀% ရှိပြီး၊ လူငယ်များ (အသက် ၁၅-၂၄ နှစ်) ၏ ရာခိုင်နှုန်းမှာ ၉.၈% ဖြစ်သည်ကို တွေ့ရှိရပါသည်။ အမျိုးသားများထက် အမျိုးသမီးများ၏လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်းသည် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်နှင့် လူငယ်နှစ်ရပ်လုံးတွင် လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းသည် ကျေးလက်ဒေသများတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။

## 5. Working Age Population Outside the Labour Force

**Table 6. Working-Age Population Outside the Labour Force by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Working-Age Population Outside the Labour Force (million)** | **3.81** | **10.54** | **4.80** | **9.55** | **14.35** |
| ***By age*** | | | | | |
| 15-24 | 1.88 | 2.70 | 1.44 | 3.14 | 4.57 |
| 25+ | 1.93 | 7.84 | 3.36 | 6.41 | 9.77 |
| **By marginal attachment to the Labour Force (million)** | | | | | |
| (a) Seeking employment, but not available | 0.01* | 0.01* | 0.01* | 0.01* | 0.01* |
| (b) Available, but not seeking employment | 0.07 | 0.13 | 0.02* | 0.18 | 0.20 |
| (c) Want employment, but not seeking & not available (Labour Market Reason) | 0.00* | 0.01* | 0.00* | 0.01* | 0.01* |
| (d) Want employment, but not seeking & not available (Personal Reason) | 0.02 | 0.06 | 0.03 | 0.05 | 0.08 |
| (e) Does not want employment | 3.71 | 10.33 | 4.74 | 9.30 | 14.04 |
| **By marginal attachment to the Labour Force (%)** | | | | | |
| The main reasons for not seeking work | | | | | |
| (a) Family responsibilities or housework | 7.7 | 35.7 | 52.3 | 21.8 | 26.8 |
| (b) Does not know where to look for work | 28.1 | 20.8 | 11.2 | 25.4 | 23.1 |
| (c) No jobs available in the area | 25.8 | 14.0 | 6.8 | 19.9 | 17.7 |
| (d) Attending school/training courses | 6.9 | 9.6 | 18.4 | 6.8 | 8.7 |
| **The main reasons for not wanting/being available to work (%)** | | | | | |
| (a) Housework/ family responsibilities | 4.7 | 57.9 | 40.7 | 45.5 | 43.9 |
| (b) In school/ training | 43.3 | 18.4 | 24.5 | 25.2 | 25.0 |
| (c) Retired, too old for work | 19.1 | 11.9 | 11.8 | 14.8 | 13.8 |
| (d) Illness, injury, disability | 15.0 | 6.9 | 11.1 | 7.9 | 9.0 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual2018*

** Denotes high relative standard error from too few observations (<50 cases)*

## ၅။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပရောက်ရှိနေသူများ

**ဇယား-၆။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အား ပြင်ပရောက်ရှိနေသူများအခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **လုပ်သားအင်အားပြင်ပ (သန်းပေါင်း)** | ၃.၈၁ | ၁၀.၅၄ | ၄.၈၀ | ၉.၅၅ | ၁၄.၃၅ |
| ***အသက်အုပ်စုအလိုက်*** | | | | | |
| ၁၅-၂၄ | ၁.၈၈ | ၂.၇၀ | ၁.၄၄ | ၃.၁၄ | ၄.၅၇ |
| ၂၅+ | ၁.၉၃ | ၇.၈၄ | ၃.၃၆ | ၆.၄၁ | ၉.၇၇ |
| **လုပ်သားအင်အားသို့ ဝင်ရောက်လာနိုင်သည့် အခြေအနေအလိုက် (သန်းပေါင်း)** | | | | | |
| (က) အလုပ်ရှာ သို့သော် အဆင်သင့်မဖြစ် | ၀.၀၁* | ၀.၀၁* | ၀.၀၁* | ၀.၀၁* | ၀.၀၁* |
| (ခ) အဆင်သင့်ဖြစ် သို့သော် အလုပ်မရှာ | ၀.၀၇ | ၀.၁၃ | ၀.၀၂* | ၀.၁၈ | ၀.၂၀ |
| (ဂ) အလုပ်လုပ်လို သို့သော် အလုပ်မရှာ၊ အလုပ်လုပ်ရန် အဆင်သင့်မဖြစ် (လုပ်သားဈေးကွက် အကြောင်းပြချက်) | ၀.၀၀* | ၀.၀၁* | ၀.၀၀* | ၀.၀၁* | ၀.၀၁* |
| (ဃ) အလုပ်လုပ်လို သို့သော် အလုပ်မရှာ၊ (င) အလုပ်လုပ်ရန် အဆင်သင့်မဖြစ် (ပုဂ္ဂိုလ်ရေးအကြောင်းပြချက်) | ၀.၀၂ | ၀.၀၆ | ၀.၀၃ | ၀.၀၅ | ၀.၀၈ |
| (စ) အလုပ်လုပ်လိုသည့်ဆန္ဒမရှိ | ၃.၇၁ | ၁၀.၃၃ | ၄.၇၄ | ၉.၃၀ | ၁၄.၀၄ |
| **လုပ်သားအင်အားသို့ ဝင်ရောက်လာနိုင်သည့် အခြေအနေအလိုက် (%)** | | | | | |
| အလုပ်မရှာရသည့်အဓိကအကြောင်းအရင်းများ | | | | | |
| (က) မိသားစုတာဝန် (သို့) အိမ်မှုကိစ္စ | ၇.၇ | ၃၅.၇ | ၅၂.၃ | ၂၁.၈ | ၂၆.၈ |
| (ခ) ဘယ်မှာအလုပ်ရှာရမည်ကို မသိခြင်း | ၂၈.၁ | ၂၀.၈ | ၁၁.၂ | ၂၅.၄ | ၂၃.၁ |
| (ဂ) ဤဒေသတွင်အလုပ်မရနိုင် | ၂၅.၈ | ၁၄.၀ | ၆.၈ | ၁၉.၉ | ၁၇.၇ |
| (ဃ) ကျောင်း/သင်တန်းများ တက်ရောက်ခဲ့သည် | ၆.၉ | ၉.၆ | ၁၈.၄ | ၆.၈ | ၈.၇ |
| **အလုပ်မလုပ်လိုသည့်/အဆင်သင့် မဖြစ်သည့်အခြေအနေအလိုက်(%)** | | | | | |
| (က) မိသားစုတာဝန် (သို့) အိမ်မှုကိစ္စ | ၄.၇ | ၅၇.၉ | ၄၀.၇ | ၄၅.၅ | ၄၃.၉ |
| (ခ) ကျောင်း/ သင်တန်းတက်ရောက် | ၄၃.၃ | ၁၈.၄ | ၂၄.၅ | ၂၅.၂ | ၂၅.၀ |
| (ဂ) အငြိမ်းစား/ အသက်အရွယ်အိုမင်း | ၁၉.၁ | ၁၁.၉ | ၁၁.၈ | ၁၄.၈ | ၁၃.၈ |
| (ဃ) မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်း | ၁၅.၀ | ၆.၉ | ၁၁.၁ | ၇.၉ | ၉.၀ |

*ရင်းမြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **By education (million)** | | | | | |
| (a) Less than primary school | 0.79 | 2.80 | 0.73 | 2.86 | 3.59 |
| (b) Completed primary school | 1.81 | 5.59 | 2.33 | 5.08 | 7.41 |
| (c) Completed middle (or lower secondary) school | 0.87 | 1.43 | 1.06 | 1.24 | 2.30 |
| (d) High (or upper secondary) school (completed first stage, or completed high school) | 0.33 | 0.71 | 0.68 | 0.37 | 1.05 |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual2018*

It was found out that the two main reasons for being outside the Labour Force were being busy with family chores and being in school. In the country, 35.7 percent of women who were currently not employed stated that the reason for not seeking employment was responsibilities for household work. That percentage was higher than that of males who do not seek work because of responsibilities for household work.

The reasons for being outside the Labour Force and not available to work were being responsible for household work/family responsibilities (43.9 percent); attending school/training (25.0 percent); being retired or too old to work (13.8 percent); being ill, injured, disable (9.0 per cent). The number of men who were outside the Labour Force because of being ill, injured or disabled was twice as much as that of women who were in the same situation.

In a country with a substantial informal economy dominated by family enterprises, people, especially those who did not have skills or a high level of education could not be found as unemployed who are seeking jobs.

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **ပညာအဆင့်အလိုက်(သန်းပေါင်း)** | | | | | |
| (က) မူလတန်းအဆင့်အောက် | ၀.၇၉ | ၂.၈၀ | ၀.၇၃ | ၂.၈၆ | ၃.၅၉ |
| (ခ) မူလတန်းအဆင့်ပြီး | ၁.၈၁ | ၅.၅၉ | ၂.၃၃ | ၅.၀၈ | ၇.၄၁ |
| (ဂ) အလယ်တန်းအဆင့်ပြီး | ၀.၈၇ | ၁.၄၃ | ၁.၀၆ | ၁.၂၄ | ၂.၃၀ |
| (ဃ) အထက်တန်းအဆင့် (ပထမအဆင့် (သို့) ပြီးမြောက်သည့်အဆင့်) | ၀.၃၃ | ၀.၇၁ | ၀.၆၈ | ၀.၃၇ | ၁.၀၅ |

*ရင်းမြစ်။ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

လုပ်သားအင်အားပြင်ပသို့ ရောက်ရှိနေသည့် အဓိကအကြောင်းအရင်းနှစ်ခုမှာ အိမ်မှုကိစ္စများနှင့် ကျောင်းတက်ရောက်နေမှုများကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအတွင်းရှိ အလုပ်မလုပ်သော အမျိုးသမီးများ၏ ၃၅.၇% သည် အလုပ်မရှာဖွေရခြင်းမှာ အိမ်မှုကိစ္စများအတွက် တာဝန်ရှိနေခြင်းကြောင့် ဖြစ်ကြောင်း ဖြေဆိုသည်ကို တွေ့ရှိရပြီး အဆိုပါရာခိုင်နှုန်းသည် အမျိုးသားများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်သားအင်အားပြင်ပသို့ ရောက်ရှိနေပြီး အလုပ်လုပ်ကိုင်ရန် အဆင်သင့်မဖြစ်ရသည့် အကြောင်းအရင်းမှာ မိသားစုတာဝန် ၄၃.၉%၊ ကျောင်း/ သင်တန်းတက်ရောက်ခြင်း ၂၅.၀%၊ အငြိမ်းစားယူခြင်း ၁၃.၈% နှင့် မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းတို့ကြောင့် ၉.၀% ဖြစ်ပြီး၊ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းတို့တွင် အမျိုးသားပါဝင်မှုမှာ အမျိုးသမီးများထက် ၂ ဆကျော် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတွင် သမားရိုးကျမဟုတ်သော မိသားစုလုပ်ငန်းအများစု တည်ရှိနေသည့်အတွက် အထူးသဖြင့် ကျွမ်းကျင်မှုအဆင့်နှင့် ပညာအရည်အချင်းမြင့်မားခြင်း မရှိသူများကို အလုပ်ရှာဖွေနေသော အလုပ်လက်မဲ့အဖြစ် တွေ့မြင်ရမည် မဟုတ်ပါ။

## 6. Working children and Child Labour

**Table 7. Working children and Child Labour by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Total children population (million)** | **6.14** | **6.24** | **2.99** | **9.38** | **12.38** |
| ***By age*** | | | | | |
| 5-11 | 3.30 | 3.31 | 1.55 | 5.06 | 6.60 |
| 12-14 | 1.45 | 1.49 | 0.71 | 2.23 | 2.94 |
| 15-17 | 1.39 | 1.44 | 0.73 | 2.10 | 2.83 |
| ***By sub-categories*** **(million)** | | | | | |
| Working children | 0.28 | 0.16 | 0.05 | 0.39 | 0.44 |
| Child Labour | 0.22 | 0.12 | 0.05 | 0.30 | 0.34 |
| Hazardous child labour | 0.20 | 0.11 | 0.04 | 0.27 | 0.31 |
| **By sub-categories (% of total child population)** | | | | | |
| Working children as the percentage of total child population | 4.6 | 2.6 | 1.8 | 4.2 | 3.6 |
| Child Labour as the percentage of total child population | 3.6 | 2.0 | 1.5 | 3.2 | 2.8 |
| Hazardous child labour as the percentage of total child population | 3.3 | 1.7 | 1.4 | 2.8 | 2.5 |
| **Child Labourers by age (million)** | **0.22** | **0.12** | **0.05** | **0.30** | **0.34** |
| 5-11 | 0.00* | 0.00* | 0.00* | 0.00* | 0.00* |
| 12-14 | 0.04* | 0.03* | 0.01* | 0.06 | 0.07 |
| 15-17 | 0.18 | 0.09 | 0.03 | 0.24 | 0.27 |
| **Child Labourers, by age (%)** | | | | | |
| 5-11 | 0.1* | 0.0* | 0.0* | 0.1* | 0.0* |
| 12-14 | 2.4* | 2.2* | 1.1* | 2.7 | 2.3 |
| 15-17 | 13.2 | 6.2* | 5.1* | 11.3 | 9.7 |
| **Child Labourers, by education (million)** | | | | | |
| Less than primary school | 0.06 | 0.02* | 0.00* | 0.08 | 0.08 |
| Completed primary school | 0.15 | 0.10 | 0.04 | 0.21 | 0.25 |
| Completed middle (or lower secondary) school | 0.01* | 0.00* | 0.00* | 0.01* | 0.01* |
| High (or upper secondary) school (completed first stage, or passed high school) | 0.00* | 0.00* | 0.00* | 0.00* | 0.00* |

*Source: Myanmar Annual Labour Force Survey, 2nd Semi-Annual2018*

** Denotes high relative standard error from too few observations (<50 cases)*

## ၆။ အလုပ်လုပ်သော ကလေးများနှင့် ကလေးလုပ်သား

ဇယား-၇။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများနှင့် ကလေးလုပ်သားအခြေအနေ

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **စုစုပေါင်းကလေးဦးရေ (သန်းပေါင်း)** | ၆.၁၄ | ၆.၂၄ | ၂.၉၈ | ၉.၃၈ | ၁၂.၃၈ |
| *အသက်အုပ်စုအလိုက်* | | | | | |
| ၅-၁၁ | ၃.၃၀ | ၃.၃၁ | ၁.၅၅ | ၅.၀၆ | ၆.၆၀ |
| ၁၂-၁၄ | ၁.၄၅ | ၁.၄၉ | ၀.၇၁ | ၂.၂၃ | ၂.၉၄ |
| ၁၅-၁၇ | ၁.၃၉ | ၁.၄၄ | ၀.၇၃ | ၂.၁၀ | ၂.၈၃ |
| **အလုပ်လုပ်ကိုင်မှုအခြေအနေအလိုက်(သန်းပေါင်း)** | | | | | |
| အလုပ်လုပ်သောကလေး | ၀.၂၈ | ၀.၁၆ | ၀.၀၅ | ၀.၃၉ | ၀.၄၄ |
| ကလေးလုပ်သား | ၀.၂၂ | ၀.၁၂ | ၀.၀၅ | ၀.၃၀ | ၀.၃၄ |
| အန္တရာယ်ရှိသောလုပ်ငန်းခွင်ရှိကလေးလုပ်သား | ၀.၂၀ | ၀.၁၁ | ၀.၀၄ | ၀.၂၇ | ၀.၃၁ |
| ***အလုပ်လုပ်ကိုင်မှုအခြေအနေအလိုက် (စုစုပေါင်းကလေးဦးရေတွင် ပါဝင်မှုရာခိုင်နှုန်း)*** | | | | | |
| အလုပ်လုပ်သောကလေးရာခိုင်နှုန်း | ၄.၆ | ၂.၆ | ၁.၈ | ၄.၂ | ၃.၆ |
| ကလေးလုပ်သားရာခိုင်နှုန်း | ၃.၆ | ၂.၀ | ၁.၅ | ၃.၂ | ၂.၈ |
| အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား ရာခိုင်နှုန်း | ၃.၃ | ၁.၇ | ၁.၄ | ၂.၈ | ၂.၅ |
| **အသက်အုပ်စုအလိုက် ကလေးလုပ်သား (သန်းပေါင်း)** | ၀.၂၂ | ၀.၁၂ | ၀.၀၅ | ၀.၃၀ | ၀.၃၄ |
| ၅-၁၁ | ၀.၀၀* | ၀.၀၀* | ၀.၀၀* | ၀.၀၀* | ၀.၀၀* |
| ၁၂-၁၄ | ၀.၀၄* | ၀.၀၃* | ၀.၀၁* | ၀.၀၆ | ၀.၀၇ |
| ၁၅-၁၇ | ၀.၁၈ | ၀.၀၉ | ၀.၀၃ | ၀.၂၄ | ၀.၂၇ |
| **အသက်အုပ်စုအလိုက် ကလေးလုပ်သား ရာခိုင်နှုန်း** | | | | | |
| ၅-၁၁ | ၀.၁* | ၀.၀* | ၀.၀* | ၀.၁* | ၀.၀* |
| ၁၂-၁၄ | ၂.၄* | ၂.၂* | ၁.၁* | ၂.၇ | ၂.၃ |
| ၁၅-၁၇ | ၁၃.၂ | ၆.၂* | ၅.၁* | ၁၁.၃ | ၉.၇ |
| **ပညာရေးအဆင့်အလိုက်ကလေးလုပ်သား (သန်းပေါင်း)** | | | | | |
| မူလတန်းအဆင့်အောက် | ၀.၀၆ | ၀.၀၂* | ၀.၀၀* | ၀.၀၈ | ၀.၀၈ |
| မူလတန်းအဆင့်ပြီး | ၀.၁၅ | ၀.၁၀ | ၀.၀၄ | ၀.၂၁ | ၀.၂၅ |
| အလယ်တန်းအဆင့်ပြီး | ၀.၀၁* | ၀.၀၀* | ၀.၀၀* | ၀.၀၁* | ၀.၀၁* |
| အထက်တန်းအဆင့် (ပထမအဆင့် (သို့) ပြီးမြောက်သည့်အဆင့်) | ၀.၀၀* | ၀.၀၀* | ၀.၀၀* | ၀.၀၀* | ၀.၀၀* |

*ဇာစ်မြစ်။ ၂၀၁၈ ခုနှစ် ၊မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

The child population (aged 5-17) was over 12.38 million, of which 6.14 million were boys and 6.24 million were girls. The majority of children, more than half of the total, fell in the broad age group of 5-11 years (53.3 percent), followed by 12-14 years group that was about 23.8 per cent, which accounts for less than half of the first group. Less than a quarter, 22.9 percent, of the total child population were between 15 and 17 years old, whereby within this oldest child age group, the number of boys were relatively less than girls. Similarly, in the youngest age group, the numbers of boys and girls were almost the same. The overwhelming majority of children (75.8 percent) lived in rural areas.

At the Union level, it was found that the total child population of 12.38 million, 0.44 million were working children, which was 3.6 percent of the total child population, 4.6 percent were boys while 2.6 percent, girls. Most of them were in rural areas.

According to the second Semi-Annual Labour Force Survey-2018, of all 12.38 million children, 0.34 million were child labour, which was 2.8 percent of the total child population. It was found that 3.6 percent of total boy population and 2.0 percent of total girl population were working as child labours. Moreover, 3.2 percent of all children living in rural areas were child labours. But in urban areas, that number was only 1.5 percent. It meant that rural areas had more child labours than urban areas.

In the labour market, the majority of child labours were in the 15-17 age group. In that age group, boy child labours were higher than girl child labour; boys at 13.2 percent and girls at 6.2 percent. Among working children, the number of child labour was highest in the 15-17 age group, at 9.7 percent, and the second-highest was the 12-14 age group at 2.3 percent, the lowest was the 5-11 age group.

Out of over 12.38 million total child population, 0.31 million children were working in hazardous conditions, of which, 0.20 million were boys and 0.11 million girls.

In terms of educational level, the majority of working children had completed only primary school.

အသက်အုပ်စု ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးဦးရေ စုစုပေါင်း ၁၂.၃၈ သန်းတွင် ယောကျ်ားလေး ၆.၁၄ သန်းနှင့် မိန်းကလေး ၆.၂၄ သန်း ရှိသည်ကို တွေ့ရှိရပါသည်။ ကလေးအရေအတွက်၏ ထက်ဝက်ခန့်သည် အသက်အုပ်စု ၅-၁၁ နှစ်အကြား အသက်အုပ်စု ၅၃.၃% ဖြစ်ပြီး ဒုတိယအများဆုံးအဖြစ် အသက်အုပ်စု ၁၂-၁၄ နှစ်အကြားသည် ၂၃.၈% ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ကလေးများတွင် အကြီးဆုံး အသက်အုပ်စု ဖြစ်သည့် အသက်အုပ်စု ၁၅-၁၇ နှစ်၏ ပါဝင်မှုရာခိုင်နှုန်းသည် ၂၂.၉% ဖြင့်စုစုပေါင်း ကလေးဦးရေ၏ ၄ ပုံ ၁ ပုံအောက် လျော့နည်းပြီး အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အသက်အရွယ်ကြီးသည့် အုပ်စုနှစ်စုတွင် ယောကျ်ားလေးနှင့် မိန်းကလေး အရေအတွက်သည် တူညီလုနီးပါးရှိသော်လည်း မိန်းကလေးအရေအတွက် သည် ယောကျ်ားလေးထက် မြင့်မားသည်ကို တွေ့ရှိရပြီး အငယ်ဆုံး အသက် အုပ်စုတွင်မူ ယောကျ်ားလေး၊ မိန်းကလေးအရေအတွက် တူညီလုရှိသည်ကို တွေ့ရှိရပါသည်။ ကလေးအများစု ၇၅.၈% သည် ကျေးလက် ဒေသများတွင် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုအဆင့် ကြည့်မည်ဆိုပါက ကလေးစုစုပေါင်း ၁၂.၃၈ သန်းတွင် အလုပ်လုပ်ကိုင်နေသည့် ကလေး ဝ.၄၄ သန်းခန့် ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သည့် ကလေးပါဝင်မှုရာခိုင်နှုန်း ၃.၆% တွင် ယောကျ်ားလေး ၄.၆% သည် မိန်းကလေး ၂.၆% ထက် မြင့်မားသည်ကို တွေ့ရှိရမည်ဖြစ်ပြီး အလုပ်လုပ်သော ကလေးအများစုသည် ကျေးလက်ဒေသများတွင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) အရ ကလေးစုစုပေါင်း ၁၂.၃၈ သန်း တွင် ကလေးလုပ်သားဦးရေ ဝ.၃၄ သန်းရှိရာ ရာခိုင်နှုန်းအားဖြင့် ၂.၈% ရှိကြောင်း တွေ့ရှိရပါသည်။ ယောကျ်ား လေးအားလုံး၏ ၃.၆% နှင့် မိန်းကလေးအားလုံး၏ ၂.၀% သည် ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ကလေးဦးရေ၏ ၃.၂% သည် ကလေးလုပ်သားများအဖြစ် တွေ့ရှိရပြီး မြို့ပြ ကလေးဦးရေတွင် ၁.၅% ကိုသာ ကလေးလုပ်သားအဖြစ် တွေ့ရှိရသည့်အတွက် ကျေးလက်ဒေသတွင် ကလေး လုပ်သားများ ပိုမိုတွေ့ရှိရပါသည်။

လုပ်သားဈေးကွက်တွင် ကလေးလုပ်သားဖြစ်မှုကို အသက်အုပ်စု ၁၅-၁၇ နှစ်အကြား အများဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။ အဆိုပါ အသက်အုပ်စုအတွင်းရှိ မိန်းကလေး ၆.၂% ထက်ယောကျ်ားလေး၁၃.၂% သည် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အသက်အုပ်စုအလိုက် ကလေးလုပ်သား ရာခိုင်နှုန်းတွင် ၁၅-၁၇ နှစ် ကလေးများတွင် အမြင့်မားဆုံး ၉.၇%၊ အသက်အုပ်စု ၁၂-၁၄ နှစ် ကလေးများတွင် ၂.၃% နှင့် အသက်အုပ်စု ၅-၁၁ နှစ် ကလေးများတွင် ရာခိုင်နှုန်းအနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

စုစုပေါင်းကလေးဦးရေ ၁၂.၃၈ သန်းတွင် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင် နေသည့် ကလေးဦးရေ ဝ.၃၁ သန်းရှိပြီး ယောကျ်ားလေး ဝ.၂၀ သန်းနှင့် မိန်းကလေး ဝ.၁၁ သန်း ရှိသည်ကို တွေ့ရှိရပါသည်။

ပညာရေးအဆင့်အလိုက် လေ့လာကြည့်မည်ဆိုပါက ကလေးလုပ်သားအများစုသည် မူလတန်း အဆင့်သာ ပြီးမြောက်သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

The Government of the Republic of the Union of Myanmar

Ministry of Labour, Immigration and Population

Department of Labour

# Myanmar Annual Labour Force Survey, 2018

## Second Semi-Annual Report

(September to November 2018)

Technical supported by International Labour Organization

September 2019 Nay Pyi Taw

https://www.mol.gov.mm